# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၉)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်– Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၅

ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 **" ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"** သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
**ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၆ ရက်)

# မူးယစ်ဆေးဝါးသည် လူသားတို့၏ရန်သူ

နေ့စဉ်ထုတ်သတင်းစာများတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးရရှိသည့်သတင်းများကိုနေ့စဉ်နီးပါးဖတ်ရှုရသည်။ မူးယစ်ဆေးဝါးသည် လူသားတို့ကိုလုံးဝကောင်းကျိုးမပြုသည့်ရန်သူစစ်စစ်ဖြစ်သည့်အတွက် ပြည်သူများကိုယ်တိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်သတင်းများကိုပေးပို့လျက်ရှိသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာပိုမိုများပြားလာပြီး ထိုသို့ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်း ပြည်သူတို့လွန်စွာနှစ်သက်သဘောကျသည်။ ပြည်သူတိုင်းက တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို အလိုရှိကြသည်။ မူးယစ်ဆေးဝါးကိုအခြေပြု၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်နေခြင်းကို ပြည်သူလူထုကလိုလားခြင်းလုံးဝမရှိတော့ပေ။ မူးယစ်ဆေးဝါးသတင်းများရရှိလျှင်ရရှိသလို သက်ဆိုင်ရာသို့ပေးပို့နေသည့်အတွက် တန်ဖိုးငွေဘီလီယံပေါင်းများစွာရှိသည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိခြင်းများနှင့်အတူ မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့များကိုဖမ်းဆီးရမိနေခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးဆိုရာတွင်ထိန်းချုပ်ဓာတုပစ္စည်းများလည်းပါဝင်သည်။ နိုင်ငံတော်အနေဖြင့်ဓာတုပစ္စည်း ၄၃ မျိုးကိုထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများလမ်းလွဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့်လမ်းလွဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်းတင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး (Pre Export Notification-PEN) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများတွင် တရားဝင်ဆေးဝါးအဖြစ် ရောစပ်အသုံးပြုသော ဓာတုပစ္စည်းများဖြစ်သည့် ဆာလဖျူရစ်အက်စစ်များ၊ နာမည်တံဆိပ်မဲ့ ချောင်းဆိုးပျောက်ဆေးအရည်များနှင့် အချို့ဆေးဝါးပစ္စည်းများကိုစစ်ဆေးဆောင်ရွက်ရန် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့က စောင့်ကြပ်စစ်ဆေးလျက်ရှိသည်။ ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲမှုမရောက်ရှိစေရေးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်နေမှုများအား နည်းစနစ်ကျစွာထိန်းချုပ်နိုင်မှသာလျှင် ထုတ်လုပ်မှုများလျော့ကျသွားမည်ဖြစ်သည်။

အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်အသုံးပြုမှုများတွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ သတင်းပေးပို့နိုင်သည်။ မည်သူမဆို မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ယင်းသို့တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ရန်ဆက်သွယ်ခြင်း စသည်တို့ကိုကျူးလွန်ကြောင်း စသည်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သောကြောင့် မည်သူမျှ မကျူးလွန်မိစေရန် သတိပေးနှိုးဆော်လျက်ရှိသည်။

မူးယစ်ဆေးဝါးရောင်းဝယ်သူတို့သည် မိမိတို့၏အကျိုးစီးပွားကွက်ကွက်ကလေးသာကြည့်ပြီး လုပ်ဆောင်နေခြင်းဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက် အခြားသောလူသားတို့၏အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှုကို အလေးမထားသောလုပ်ရပ်ကြောင့် ၎င်းတို့သည်လည်း တရားဥပဒေ၏လက်တွင်းသို့ သက်ဆင်းကြရသည်။ ရရှိထားသောစည်းစိမ်အားလုံးဆုံးရှုံးကာ ပြစ်မှုပြစ်ဒဏ်ကျခံရသည့်အခါမှ နောင်တရကြသည်။ သူတို့ရရှိသောနောင်တသည် နှောင်းသွားပြီဖြစ်သည်။ မလုပ်သင့်သော၊ သမ္မာအာဇီဝမဟုတ်သောစီးပွားရေးလုပ်ငန်းမှန်သမျှသည် ကျဆုံးရမည်သာဖြစ်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှု၏ရင်းမြစ်ကိုလေ့လာသည့်အခါ မူးယစ်ဆေးဝါးသုံးစွဲနေသူများရှိနေသောကြောင့်ဟူသောအဖြေကိုတွေ့ရသည်။ မည်သည့်ပစ္စည်းမဆို သုံးစွဲသူမရှိပါက ရောင်းချ၍ရနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်၊ နည်းနာနိဿယသုံးရပ်တို့ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းရပ်မှန်သမျှသည် ပြည်သူများကိုယ်တိုင်ပူးပေါင်းပါဝင်မှသာပိုမိုအောင်မြင်ပြီး ကွယ်ပျောက်သွားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့၏သားသမီးများ မူးယစ်ဆေးဝါးနှင့်လုံးဝပတ်သက်မှုမရှိအောင် ဆောင်ရွက်ခြင်း၊ သားသမီးများ၏အခြေအနေကို သတိထားစောင့်ကြည့်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သည့် သတင်းများကြားသိလျှင် သတင်းပေးပို့ခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်သည်။ ဤဆောင်ရွက်ချက်သည် ခက်ခဲသည့်ဆောင်ရွက်ချက်မဟုတ်ဘဲ အများအတွက်အလွန်ကောင်းကျိုးရှိမည့်ဆောင်ရွက်ချက်ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသည်မှာ လူသားတို့၏ရန်သူဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီပူးပေါင်းပါဝင်ချေမှုန်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကျောက်ကြီးမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်

**ကျောက်ကြီး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းအား မွေးကင်းစအသက်နှစ်လမှစတင်ပြီး အသက်သုံးနှစ်အောက်ကလေးများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး စသည့်ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပေါင်ချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်းတို့ဆောင်ရွက်ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားသည်။ ကိုယ်ဝန်ဆောင်မိခင်များမွေးဖွားရာတွင် အခက်အခဲမရှိစေရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများအလိုက် တာဝန်ထမ်းဆောင်နေသည့် သားဖွားဆရာမများနှင့် ချိတ်ဆက်ထားရန်လိုကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(၄၁၀)

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ကျပန်းစကားပြောပြိုင်ပွဲကို ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ကဗျာဆရာကြည်သိန်းဇော်က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ၊ ဉာဏ်ရည်လည်းရှုံး လူညွှန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်၊ အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့ စသည့်ခေါင်းစဉ်များဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၂၅ (ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၂။ | | မေတ္တာပို့ | ၁၂။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၃။ | | ကိုယ်လက်လှုပ်ရှားအားကစား | ၁၃။ | | ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၄။ | ၁၈:၄၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၅။ | ၀၉:၀၀ | ကျန်းမာသုတ | | | |
| ၆။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ | ၁၅။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်းကြီး အပိုင်း(၃)ဇာတ်သိမ်း |
| ၇။ | | လူတိုင်းကျန်းမာ သိမှတ်စရာ | | | သရုပ်ဆောင်- ရန်အောင်၊ နက္ခတ်၊ မေသန်းနု |
| ၈။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | | | ဒါရိုက်တာ- အကယ်ဒမီတင်အောင်စိုး |
| ၉။ | | သီချင်းလက်ဆောင် | | | (ပန်းမြို့တော်) |
| ၁၀။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး | | | |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့) အဖြစ် သတ်မှတ်ခဲ့သည့် အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိနိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၃၈) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေကာ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုများလည်း မြင့်တက်လာစေလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှု ပြဿနာများကိုပါ ရင်ဆိုင်နေရပါသည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှုပြန်လည်မြင့်တက်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများသည် မည်သည့်နေရာတွင်မဆို ထုတ်လုပ်နိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများရှိသည့်ဒေသများတွင် ထုတ်လုပ်မှုများမြင့်တက်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများလုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း တရားမဝင်နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့်နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၃၀)ကြိမ်မြောက် အထူးအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ရေးဆွဲထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီသည့်ဥပဒေဖြစ်စေရန် ပြန်လည်သုံးသပ်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စုတို့ဖြင့်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် နှစ်စဉ်ရန်ပုံငွေအမြောက်အမြားကုန်ကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့မှ သီးခြားဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ၅ နှစ်တာကာလ ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၅ ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းတံတား၊ မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ သာသနာရေး၊ ဆက်သွယ်ရေး၊ အသိပညာပေးရေး၊ ကုန်သွယ်ရေး၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် UNODC နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့တွင် ဘိန်းအစားထိုး သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ ကော်ဖီနှင့်လက်ဖက် စိုက်ပျိုးခြင်းတို့ကို အထူးစီမံကိန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုဒေသများမှထွက်ရှိသည့်ကော်ဖီများကို နိုင်ငံတကာသို့တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ၁၅၆ ဒသမ ၇၂ တန်၊ ၂၀၂၄ ခုနှစ်တွင် ၁၅၃ ဒသမ ၃၆ တန်ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အလားတူ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသတွင်လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်မှစတင်၍ ကော်ဖီသီးခြောက် ၉ ဒသမ ၇ တန်ကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါသည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နိုင်ငံတော်အစိုးရ၏ နှစ်စဉ်လျာထားရန်ပုံငွေများဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၅၆ မြို့နယ်အတွင်း နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးခြင်းနှင့်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ/ပိုးသတ်ဆေး ခွဲဝေပေးခြင်း၊ နှစ်ချင်းစံပြကွက်များစိုက်ပျိုးခြင်း၊ သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးပညာပေးသင်တန်းများဖွင့်လှစ်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ ငွေကျပ် ၄၇၃၅၀ ဒသမ ၂၈ သန်း ကုန်ကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မွေးမြူရေးကဏ္ဍစီမံကိန်းများအတွက် ခွဲဝေချထားပေးခဲ့သည့် ပြည်ထောင်စုဘဏ္ဍာငွေ ၅၁ ဒသမ ၇၃၄ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မူးယစ်စီမံကိန်းဝင်မြို့နယ်များတွင် တိရစ္ဆာန်များ (ကြက်/ဝက်) ထောက်ပံ့ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အထောက်အကူပြု ပညာပေးဟောပြောပွဲများ၊ သင်တန်းများပို့ချခြင်း၊ ပျားမွေးမြူရေးသင်တန်းများပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိကျေးရွာများအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ၁၄ ဒသမ ၆ သန်း အကုန်ကျခံကာ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများနှင့် တိရစ္ဆာန်များအား ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုးနှင့်စီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်း ဆေးခန်း ၃ ခုတို့၌ မူးယစ်ဆေးစွဲလူနာ ၂၆၉၆၄ ဦးအား ၂၀၂၄ ခုနှစ်အတွင်း ကုသပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးစွဲကုသမှုခံယူပြီးသူများအား ပိုမိုကောင်းမွန်သောလူမှုဘဝ ပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဘုတ်များစိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့်ဌာန၊ အဖွဲ့အစည်း ၅ ခုတို့မှ ပြန်ကြားရေးနည်းလမ်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ Talk Show၊ ဓာတ်လမ်းတို၊ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်မီဒီယာများမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးသို့ ပညာပေးလှုံ့ဆော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးပေါင်း အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၁၁၆၃ ဘီလီယံကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်းဖော်ထုတ်ပြီး ဘိန်းခင်းဖျက်ဆီးခြင်းတို့အားဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၄၇၃၄ ဒသမ ၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့ကျစေရေးအတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း ၄၃ မျိုးအား တင်းကျပ်စွာထိန်းချုပ်ကန့်သတ်ထားပြီး နိုင်ငံအတွင်း တရားမဝင်တင်သွင်းမှုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၄ သို့ ●

● စာမျက်နှာ ၃ မှအဆက်

ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းလုပ်ငန်းကို ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre Export Notification– PEN)နှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများအား Pre Export Notification– PEN Online Light စနစ်တို့ဖြင့် ဆက်သွယ်စစ်ဆေးကာ လမ်းလွဲရောက်ရှိမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများထပ်မံကျူးလွန်ခြင်းမရှိစေရေးအတွက် ပြစ်မှုကျူးလွန်သူတရားခံများ၏ ပြစ်မှုကျူးလွန်ရာမှရရှိသည့်ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံစစ်ဆေးကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့များ၌ ဖျက်ဆီးလျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဖျက်ဆီးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့(AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)၊ တရုတ်နိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှပေးပို့သည့် ဆောင်ပုဒ်များဖြစ်သည့် " The evidence is clear: invest in prevention" "မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင်ကာကွယ်ပေး" နှင့် "Break the cycle. #StopOrganizedCrime" "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့" ဆိုသည့်အတိုင်း နိုင်ငံတိုင်းက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တိုက်ဖျက်နိုင်မည့်အပြင် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ၏ဘဝလုံခြုံမှုရှိကာ အနာဂတ်နိုင်ငံတော်ကြီးကို အတူလက်တွဲ တည်ဆောက်နိုင်ကြပါစေကြောင်း အလေးအနက်ဆန္ဒပြုရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မိုင်းပန်တပ်နယ်အသင်း ဒိုင်းဆုရရှိ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် မိုင်းပန်တပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၅

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် မိုင်းပန်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့် မိုင်းပန်တပ်နယ်အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းတို့ဖြင့် ဇွန်လ ၁၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇွန် ၂၅

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၆ သင်း၊ အမျိုးသမီးအသင်း ၆ သင်းဖြင့် ဇွန်လ ၃၀ ရက် အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာနိုင်ငံနှင့်ကာတာနိုင်ငံတို့အကြား ရေကြောင်းနှင့်လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများဆွေးနွေး



နေပြည်တော် ဇွန် ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရန်ကုန်မြို့အခြေစိုက်ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL– Kuwari အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်တွေ့ခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့်ကာတာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု (Diplomatic Relations) ကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံ ရေကြောင်းနှင့်လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် အပြန်အလှန်ပံ့ပိုးကူညီရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၂˚C |
| ရန်ကုန် | ၂၅˚C | / | ၃၂˚C |
| မန္တလေး | ၂၇˚C | / | ၃၇˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

⇨ ကျောဖုံးမှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှတာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့်သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် မင့်စ်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့်မင့်စ်မြို့ရှိမြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူတို့က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။

(ဝဝဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများက မင့်စ်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့သို့ရောက်ရှိ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာ

နေပြည်တော် ဇွန် ၂၅

EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နိုဗာစီဗစ်မြို့၊ သာမာရှယ်ဗာလေဆိပ်သို့ရောက်ရှိရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်ဒေသတို့အကြား၊ အာဆီယံဒေသတွင်းနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ လေကြောင်းပြေးဆွဲမှုများမြှင့်တင်နိုင်ရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဗာစီဗစ်မြို့၊ သာမာရှယ်ဗာလေဆိပ်မှ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဝဝဝ)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက နိုဗာစီဗစ်မြို့၊ သာမာရှယ်ဗာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

# ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်အဖွင့်မိန့်ခွန်း

( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )




**အားလုံးပဲ မင်္ဂလာပါ**

ဒီကနေ့ကျင်းပတဲ့ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမယ့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနဲ့ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကစပြီးကျင်းပမယ့် ငြိမ်းချမ်းရေးဖိုရမ်ဟာ နိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်တက်ရောက်ဆွေးနွေးတဲ့ပွဲဖြစ်လို့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုမှာ ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ ဆွေးနွေးပွဲကနေတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာ၊ သုံးသပ်အကြံပြုချက်တွေ ပြုလုပ်သွားကြမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကနေ ကျွန်တော်တို့နိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရရှိဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

**❝တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်လာတာနဲ့တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကိုချမှတ်ပြီး ယနေ့တိုင်လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ "အသိတရား"တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် "အရှိတရား"တွေဖြစ် . . .❞**

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းလက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီပြဿနာကို ခေတ်အဆက်ဆက်အစိုးရတွေကလည်း တတ်နိုင်သမျှ သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းဆောင်ရွက်ခဲ့ကြပါတယ်။ လွတ်လပ်ရေး ရရှိပြီးချိန်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ပေမယ့် နိုင်ငံတော်ရဲ့ သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုရယူပြီး ဆိုရှယ်လစ်စနစ် တစ်နည်းအားဖြင့် ဗဟိုဦးစီးအစိုးရစနစ်ကို ပြောင်းလဲလျှောက်လှမ်းပြီး ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကူးပြောင်းဖို့ ပြည်သူများရဲ့တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် အသားကျဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို တဖြည်းဖြည်းချင်း ပြောင်းလဲခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့ အောင်မြင်စွာကူးပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထားဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရစေလိုပါတယ်။

**❝ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားစေခြင်းဖြစ်၊ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေနဲ့ လူမျိုးစုတွေ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့ပဲဖြစ် . . . ❞**

တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်လာတာနဲ့တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကိုချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ **"အသိတရား"** တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် **"အရှိတရား"**တွေဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလမှာ ငြိမ်းချမ်းရေးညီလာခံကို (၂၁) ရာစုပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေးဆောင်ရွက်ခဲ့တာကိုလည်းတွေ့ပါတယ်။ ဒီလိုပြောင်းလဲမှုကသမိုင်းကြောင်းအရ အခက်အခဲတွေရှိလာနိုင်တဲ့အတွက် အသိပေးမှုတွေဆောင်ရွက်ခဲ့ရပါတယ်။ အဲ့ဒီကာလတုန်းက တပ်မတော်အနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးခဲ့ပါတယ်။ အရပ်ဘက် စစ်ဘက်ဆက်ဆံရေးကို မြှင့်တင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒီအချိန်က လွှတ်တော်နဲ့ အစိုးရအနေနဲ့ ဥပဒေနဲ့မညီညွတ်တဲ့ ပြောဆိုမှုတွေ၊ ပြဋ္ဌာန်းချက်တွေကိုအတည်ပြုခဲ့ပြီး ဥပဒေနဲ့မညီညွတ်တဲ့ ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီဒုတိယအစိုးရလက်ထက်မှာ ဒီမိုကရေစီလမ်းကြောင်းနဲ့လွဲချော်ပြီး လက်ရှိအခြေအနေကိုရောက်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ **"ပြည်ထောင်စုနိုင်ငံ"** ထူထောင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားစေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေနဲ့ လူမျိုးစုတွေ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် **ယခုနှစ်အကုန်ပိုင်းမှာကျင်းပမယ့်ရွေးကောက်ပွဲမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)အပြင် အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမယ်လို့ ကျွန်တော် ပြောကြားခဲ့ပြီးဖြစ်**ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို

**စာမျက်နှာ ၇ သို့ ➤**

➤ စာမျက်နှာ ၆ မှအဆက်

မဖြစ်မနေ အကောင်အထည်ဖော်ပေးမှာဖြစ်ပါတယ်။ စတင်တာဝန်ယူကတည်းက ရှေ့လုပ်ငန်းစဉ် အမှတ်စဉ်(၅)မှာလည်း ထည့်သွင်းချမှတ်ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အစိုးရက မူလရည်မှန်းထားတဲ့အတိုင်း ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

**❝ယခုနှစ်အကုန်ပိုင်းမှာကျင်းပမယ့်ရွေးကောက်ပွဲမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)အပြင် အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမယ်လို့ ကျွန်တော် ပြောကြားခဲ့ပြီးဖြစ်. . .❞**

အထွေထွေရွေးကောက်ပွဲ ပြုလုပ်တယ်ဆိုရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၀၊ ၂၀၁၅ နဲ့ ၂၀၂၀ ရွေးကောက်ပွဲကာလတွေတုန်းကလည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွေကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖဆပလခေတ်တုန်းကလည်း အခက်အခဲတွေကြားကနေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ အခုလည်း ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အလေးထားဆောင်ရွက်နေပါတယ်။ အဓိကကတော့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့လိုပါတယ်။

ယခုလက်ရှိအခြေအနေမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ လွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်ပွဲနဲ့ လွှတ်တော်အသီးသီး ခေါ်ယူကျင်းပခြင်းတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲ ကျင်းပဖို့အတွက် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့အဆုံးအဖြတ်နဲ့ ဆောင်ရွက်နိုင်တာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူလရည်မှန်းထားခဲ့တဲ့အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီးတော့ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရကို နိုင်ငံတော်အာဏာလွှဲပြောင်းပေးမှာဖြစ်ပါတယ်။

**❝ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းကအဖျက်အမှောင့်ပယောဂတွေကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်းလို၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့အပြည့်အဝယုံကြည်. . .❞**

ရွေးကောက်ပွဲကျင်းပနိုင်ရေးဟာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေပေါ်မှာ အများကြီးမူတည်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးရင် ဥပဒေနဲ့အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ရေးရှုဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပြီး ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်တဲ့အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကိုဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာ ဦးစားပေးလုပ်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီနဲ့သွေဖည်နေတယ်၊ မှန်ကန်တဲ့လမ်းစဉ် မဟုတ်ဘူးဆိုတာကိုလည်း အလေးအနက်သတိပြုကြစေလိုပါတယ်။ မိမိတို့လိုလားချက်များကို လွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာမှာ ကမ္ဘာ့နိုင်ငံတချို့ရဲ့ ဖြစ်စဉ်တွေအပေါ် သင်ခန်းစာရယူပြီး ပုံဖော်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကို နိုင်ငံအများကကျင့်သုံးကြရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပုံစံတွေတူညီမှုမရှိကြပါဘူး။ အနောက်ဥရောပနိုင်ငံတွေမှာတောင်မှ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျင့်သုံးမှုပုံစံမတူညီပါဘူး။ အလားတူ ကျွန်တော်တို့ အာရှနိုင်ငံတွေမှာလည်း တူညီမှုမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ

**❝ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာမှာ ကမ္ဘာ့နိုင်ငံတချို့ရဲ့ဖြစ်စဉ်တွေအပေါ် သင်ခန်းစာရယူပြီး ပုံဖော်ဆောင်ရွက်သွားဖို့လို၊ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကို နိုင်ငံအများကကျင့်သုံးကြရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပုံစံတွေတူညီမှုမရှိ. . .**

**ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာမဟုတ်၊ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်. . .❞**

တွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့ လုပ်ကိုင်ဆောင်ရွက်သွားကြမယ်ဆိုရင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ **ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့နိုင်ငံမှာ အခုမှကျင့်သုံးတာမဟုတ်ပါဘူး။** လွတ်လပ်ရေးရပြီးစကာလမှာ ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲပေါင်းစုံနဲ့ တွေ့ကြုံခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်မှာ စတင်တာဝန်ယူခဲ့တဲ့ ဒီမိုကရေစီ ပထမအစိုးရလက်ထက်မှာလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့ အခြားကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်နိုင်ခဲ့ပေမယ့် စိန်ခေါ်မှုအများအပြားကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့လိုအပ်တယ်လို့ ပြောရခြင်းပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

နိုင်ငံတော်အနာဂတ်အတွက် ပညာတတ်များရှိဖို့ လိုအပ်ပါတယ်။ ပညာရေးမှာအားနည်းရင် အတွေးအခေါ်လွဲမှားမှု၊ အယူအဆလွဲမှားမှုတွေ ဖြစ်လာတယ်လို့သုံးသပ်ရပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးမှာ ပညာတတ်များရှိမှသာ နိုင်ငံ့အနာဂတ်ကောင်းမွန်စိတ်ချရမှာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ ပညာရေးစနစ်တွေကို ပြန်လည်လေ့လာသုံးသပ်ပြီး လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေနဲ့မြှင့်တင်ပြီး အားပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလအခြေအနေအရ ယခုကာလမှာ လူငယ်လူရွယ်တွေဟာ အနည်းဆုံး KG+9 အဆင့်အထိ သင်ကြားတတ်မြောက်ပြီးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီမိုကရေစီဖော်ဆောင်နိုင်ဖို့အတွက် **"တည်ငြိမ်အေးချမ်းမှု"** ဟာ အရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒကတိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့ လူမှုစီးပွားဘဝလုံခြုံရေးနဲ့အာမခံချက်ရရှိရေးတို့ကသာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်မှုကိုရရှိမှာပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြဖို့ အမှန်တကယ်လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းကိုအဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်းလိုပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီးရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ထားပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများနဲ့ သဟဇာတဖြစ်နေဖို့ လိုအပ်တာမှန်ပေမယ့်လည်း ဩဇာခံဖြစ်မသွားဖို့ကိုတော့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းနောက်ခံများအရ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်နဲ့အညီ စောင့်ထိန်းလိုက်နာလျက်ရှိပါတယ်။ ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း သဟဇာတဖြစ်တဲ့ ဆက်ဆံမှုရှိဖို့လိုအပ်သလို မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကိုလည်း လိုက်နာတန်ဖိုးထားကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**❝တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ဆန္ဒနဲ့ မိမိတို့အဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြည်ထောင်စုနဲ့တိုင်းရင်းသားပြည်သူများအားလုံးရဲ့အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်နဲ့ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်ထား တိုက်တွန်းပြောကြားလို. . .❞**

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးတာနဲ့တစ်ပြိုင်နက် အရင်ဆုံးဦးစားပေးဆောင်ရွက်ခဲ့တာကတော့ ထာဝရငြိမ်းချမ်းရေးပါပဲ။ ဒါ့ကြောင့် ငြိမ်းချမ်းရေးအတွက် ကော်မတီတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး လက်ရှိအချိန်ထိ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်းလမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်တွေမရှိတဲ့ ဆွေးနွေးပွဲတွေအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုတွေ၊

စာမျက်နှာ ၈ သို့ ➤

➤ စာမျက်နှာ ၇ မှအဆက်

တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တာကို အားလုံးသိမြင်ပြီးသားဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ဆန္ဒနဲ့ မိမိတို့အဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြည်ထောင်စုနဲ့ တိုင်းရင်းသားပြည်သူများအားလုံးရဲ့အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်နဲ့ ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ရေးရှုတွေးမြင်လုပ်ဆောင်ကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်ထားတိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲမှုတွေရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်စီလိုလားချက်တွေကို လက်နက်ကိုင်တဲ့လမ်းစဉ်နဲ့ တောင်းဆိုနေကြတာကတော့ မှားယွင်းတဲ့လမ်းစဉ်ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ပြောကြားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနဲ့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကိုခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ရည်မှန်းထားတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အသက်တမျှအရေးကြီးလှပါတယ်။ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့လိုအပ်ပါတယ်။ ဒေါ့ကြောင့် နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားပါကြောင်း ဒီဖိုရမ်ကနေ ထပ်ဆင့်အသိပေးပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးဆိုတာ ပုံသေသတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီ တာဝန်ရှိကြတာပဲဖြစ်ပါတယ်။

> **❝ နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့၊ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားပါကြောင်း ဒီဖိုရမ်ကနေထပ်ဆင့်အသိပေးပြောကြားလို. . . ❞**

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ...**

ဒီနေ့ကျင်းပမယ့်ဖိုရမ်မှာ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းမျိုးစုံက ပုဂ္ဂိုလ်အားလုံးပါဝင်ကြပါတယ်။ ဒီဖိုရမ်ကို အားလုံးပါဝင်တဲ့ အမျိုးသားအဆင့်ဆွေးနွေးပွဲ(Inclusive National Dialogue) တစ်ရပ်ဖြစ်စေဖို့အတွက် ကျွန်တော်တို့ဘက်က ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သူအားလုံးကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမဲ့လည်း တချို့တလေ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်ကြပါဘူး။ ကျွန်တော်တို့ကတော့ နိုင်ငံနဲ့ပြည်သူလူထုရဲ့ မျက်နှာကိုကြည့်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတမ်းလက်ကမ်းကြိုဆိုပါတယ်။ သက်ဆိုင်သူအားလုံးပါဝင်နိုင်ပြီး စောနိုင်သမျှစောပြီး ဆွေးနွေးနိုင်ရင် နိုင်ငံအတွက်ပိုမိုကောင်းမှာဖြစ်လို့ တွေ့ဆုံဆွေးနွေးရေးအတွက် ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ **"လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်မှာ အတူတကွ လက်တွဲလျှောက်လှမ်းကြပါစို့"**လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

# နေပြည်တော်အတွင်း အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အခွန်ရငွေတိုးတက်စေရေးဆွေးနွေး



နေပြည်တော် ဇွန် ၂၅

နေပြည်တော်အတွင်း အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အခွန်ရငွေတိုးတက်စေရေးအစည်းအဝေးနှင့်ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုရာခိုင်နှုန်း တိုးမြှင့်ရေးအစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးများသို့ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ကျောင်းအပ်နှံမှုနှင့် ကျောင်းတက်ရောက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားသည်။

အစည်းအဝေးများအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ ပြန်လည်ပြုပြင်နေမှုနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်းအတွင်း Modular House များ တပ်ဆင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


**မျိုးသီဟ (ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**



# မြန်မာအမျိုးသမီးများနေ့အကြိုလှုပ်ရှားမှု ဟောပြောပွဲအခမ်းအနားကျင်းပ



လှိုင်ကော် ဇွန် ၂၅

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုဟောပြောပွဲ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ဆရာအတတ်ပညာဦးစီးဌာန လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမဆောင်၌ ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းသူလေးများက အခမ်းအနားကို မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိန်စိန်မော်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဟောပြောသည်။

ထို့နောက် မြန်မာအမျိုးသမီးများဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးများအကြောင်း သိကောင်းစရာများကို ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ လွိုင်ကော်ပညာရေးဒီဂရီကောလိပ် အမရာဆောင် ကျောင်းသူလေးများက ဗမာမလေးပါသီချင်းဖြင့်လည်းကောင်း၊ ကိန္နရီဆောင် ကျောင်းသူလေးများက ဣတ္ထိယပန်းခင်းသီချင်းဖြင့်လည်းကောင်း ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် ဂုဏ်ပြုသီဆိုကြသည့် ကျောင်းသူများအား ကယားပြည်နယ် အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၅)

# ဇီးကုန်းမြို့နယ်၌ VRFP စီမံကိန်းချေးငွေများထုတ်ချေး

ဇီးကုန်း ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သက်န်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆဋ္ဌမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဇွန်လ ၂၅ ရက်နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက သက်န်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲ စာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက စီမံကိန်းရန်ပုံငွေကျပ် ၃၄၆ သိန်းကို ခရချောင်းကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သက်န်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၅ ဦးထံသို့ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၃၄၆ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုလေး**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုဟောပြော

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်ပြပွဲကို ဇွန်လ ၂၅ ရက်နံနက်ပိုင်းတွင် ဗိုလ်မင်းရောင်ရပ်ကွက် ဗိုလ်မင်းရောင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်း၌ကျင်းပသည်။

ဟောပြောပွဲတွင် တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် စာရေးဆရာမသင်းသင်းလှိုင်(တပ်ကုန်း)က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့်ဆိုးကျိုးများအကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ အခမဲ့ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၄၁၃)

| သဇင်(FM) အသံလွှင့် အစီအစဉ် | | |
|---|---|---|
| ၂၆-၆-၂၀၂၅(ကြာသပတေးနေ့) | ၂။ ၁၀:၀၀ Internet Pages | ၅။ ၁၈:၂၀ Thazin Request Song |
| ၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ် | ၃။ ၁၄:၃၀ Live For You | ၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ |
| | ၄။ ၁၇:၀၀ အနုပညာခရီးလမ်း | |

## မူးယစ်ဆေး ဝေးဝေးရှောင်

➡ တို့နိုင်ငံ အမျိုးသားရေး

မူးယစ်ဆေး တားဆီးနေ။

လျှို့ဝှက်ကာ ကူညီမှု

ပြုသင့်လျက်ပေ။

ပြည်ထောင်စု မြန်မာ့မြေ

မူးယစ်တွေ ရောင်းဝယ်ဖောက်။

မျိုးဆက်သစ်တွေ စိတ်ဓာတ်ညှိုးရင်

အမျိုးပါပျောက်။

➡ တံလျှပ်ကို ရေထင်မှား

လိုက်စားလို့ မြတ်နိုးလျှင်။

ဘိန်းဆိပ်ရည် မျိုသမျှ

ချိုလှတယ်ထင်။

ကိုယ်နှမ်းလို့ စိတ်မရွှင်

သူ့စွမ်းအင် လေဝယ်ပြေး။

အမိုက်ထောင် မှောင်မည်းမည်းမှာ

စွဲမူးယစ်ဆေး။

➡ နှစ်ရှည်ကြာ သည်မူးယစ်

အမြစ်ပြတ်ဖို့ အချိန်တန်။

အားလုံးညီ ဘက်စုံပေါင်း

အောင်ကြောင်းအမှန်။

မျိုးဆက်သစ်ရဲ့ အဖျက်ရန်

တွေးဆကြံ ညီညာလို့။

မြန်မာ့မြေ သည်နယ်အတွင်းမှာ

မူးယစ်တွေ ရောင်းဝယ်ကင်းအောင်

ရှင်းကြပါစို့။ ။

**အာကာမောင်မောင်**

MWD Education, Knowledge & Sports Channel

၂၆-၆-၂၀၂၅(ကြာသပတေးနေ့)


| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၂ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၅၄ | Grade - 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၅၄ - ၁၉:၁၆ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၁၆ - ၂၀:၄၂ | Grade - 8 | သမိုင်း၊ သိပ္ပံ |

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(ဩရိဿပြည်နယ် မြောက်ပိုင်း- အနောက်ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့၌ နောက်၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် UNODC မှပေးပို့သည့်ဆောင်ပုဒ်




# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ



နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသမီးထု ကျန်းမာကြံ့ခိုင်စေရေးနှင့် အမျိုးသမီးအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးအားကစားခန်းမ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ဂျူဒိုနှင့်ဂျူဂျစ်ဆုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဂျူဒို(အမျိုးသား/အမျိုးသမီး) ခေတ္တာပြိုင်ပွဲများနှင့်ဝိတ်တန်းအလိုက် တစ်ဦးချင်းအတိုက်ပြိုင်ပွဲများ၊ ဝိတ်တန်းအလိုက်ဂျူဂျစ်ဆုအတိုက် ကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦးရှိသည်။


မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကိုရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၆ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။


ဘေးသင့်ပြည်သူများသို့ပြည်တွင်း၊ပြည်ပမှစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။


မြဝတီ

## အထူးမိုးလေဝသသတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်




နေပြည်တော် ဇွန် ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ကျင်းပ

## ရွေးကောက်ပွဲမတိုင်မီနှင့်ရွေးကောက်ပွဲအလွန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေး အပြန်အလှန်ယုံကြည်မှုများတည်ဆောက်ပြီး လက်တွေ့ကျသည့်နည်းဗျူဟာများကို ဖိုရမ်တွင်ဖော်ထုတ်နိုင်ကြမည်




နေပြည်တော် ဇွန် ၂၅

“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ ”သုံးသပ်ဆွေးနွေးပွဲငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိမင်္ဂလာသီရိ ဟိုတယ်ခန်းမ၌ကျင်းပသည်။

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သောနိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ စုစုပေါင်း ၂၅၉ ဦး တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေကို သိမြင်ပြီး နိုင်ငံသားအားလုံးက မိမိတို့နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်၍ တွေ့ကြုံလာသည့် အခက်အခဲများကိုလည်းနိုင်ငံသားအချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်း အမြင်တူသည်များကို စုပေါင်းလုပ်ဆောင်၍ အမြင်မတူသည်များကို ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို ဘုံရည်မှန်းချက်အဖြစ်ထားရှိဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အရေးပါသော အကြံဉာဏ်များနှင့် အကူအညီများပေးနိုင်သည့် နိုင်ငံတကာမှ မိတ်ဆွေများ ပူးပေါင်းပါဝင်လာရေးသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကြီးမားသည့်အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင် ကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီနှင့်ရွေးကောက်ပွဲအလွန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ပြီး လက်တွေ့ကျသည့် နည်းဗျူဟာများကို ဖိုရမ်တွင် ဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်ထားသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း၊ ငြိမ်းချမ်းရေးဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” နှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်လွတ်လပ်၍ တရားမျှတသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများမှတစ်ဆင့် စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်တည်ဆောက်ရန်အတွက်လိုအပ်သောအခြေခံအုတ်မြစ်များ ခိုင်မာလာစေရေးတို့အတွက် မည်ကဲ့သို့ဆောင်ရွက်သင့်သည်များကို လေ့လာဆန်းစစ်ပြီး ပြည်သူကိုဗဟိုပြုသော ခိုင်မာသည့် လမ်းကြောင်းများကို ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် Peace Forum မှ တစ်ဆင့် ရည်ရွယ်ချက် ၄ ရပ်ဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်၊ လူသားချင်းစာနာမှု အကူအညီများနှင့်လူမှုစီးပွားဘဝစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်တို့အတွက် ထပ်ဆင့်အကျိုးဖြစ်ထွန်းစေရန်လည်း မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာမှန်ကန်စွာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားဧည့်သည်တော် ပညာရှင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun၊ အိန္ဒိယနိုင်ငံမှ သံအမတ်ကြီး (ငြိမ်း) Mr. Jaideep Mazumdar၊ ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး (ငြိမ်း) Mr. Sihasak Phuangketkeo ၊ ရုရှားနိုင်ငံမှ Professor Aleksandr Gelyevich Dugin တို့က ငြိမ်းချမ်းရေးဖိုရမ်နှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီး နိုင်ငံခြားဧည့်သည်တော် ပညာရှင်ရှစ်ဦးက “ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းများ”၊ “ပဋိပက္ခအပြီးပြန်လည်တည်ဆောက်ရေးနှင့်သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာတို့နှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရမည့် လုပ်ငန်းစဉ်များ” ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက ဆွေးနွေးမေးမြန်းခြင်း၊ အကြံပြုခြင်းများပြုလုပ်ကြကာ ဦးဆောင်ဆွေးနွေးသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးဖိုရမ်မှ ရရှိလာမည့် အပြုသဘောဆောင်သော အမြင်သဘောထားများ၊ အကြံပြုချက်များကိုသိရှိနားလည်ပြီး ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက တစ်ဦးချင်းအကျောပေးပြိုင်ပွဲ H’Cap 19–24 အဆင့်တွင် H’Cap ၂၄ အသားတင်ရိုက်ချက် ၆၆ ချက်ဖြင့် တတိယဆုရရှိသော ဆန်းဝင်း၊ H’Cap ၂၄ အသားတင်ရိုက်ချက် ၆၅ ချက်ဖြင့် ဒုတိယဆုရရှိသော ဝင်းနိုင်ဦးနှင့် H’Cap ၂၄ အသားတင်ရိုက်ချက် ၅၉ ချက်ဖြင့် ပထမဆုရရှိသော ဇော်မင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးတင်မောင်မောင်ဝင်းက တစ်ဦးချင်းအကျောပေးပြိုင်ပွဲ H’Cap 13–19 အဆင့်တွင် H’Cap ၁၈ အသားတင်ရိုက်ချက် ၆၄ ချက်ဖြင့် တတိယဆုရရှိသော နေမင်းထွန်း၊ H’Cap ၁၈ အသားတင်ရိုက်ချက် ၆၃ ချက်ဖြင့် ဒုတိယဆုရရှိသော ဇော်ထက်အောင်နှင့် H’Cap ၁၈ အသားတင်ရိုက်ချက် ၆၀ ချက်ဖြင့် ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်က တစ်ဦးချင်းအကျောပေးပြိုင်ပွဲ H’Cap 0–12 အဆင့်တွင် တတိယဆုရရှိသော ညီညီအောင်၊ ဒုတိယဆုရရှိသော ရန်ပြေအောင်နှင့် ပထမဆုရရှိသော ကျော်နိုင်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော်   ဇွန် ၂၅

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိရာ ဇွန်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ အခြေအနေကို ၁၀-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများဖြန့်ဝေထောက်ပံ့မှုမှတ်တမ်း။


မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများဖြန့်ဝေထောက်ပံ့မှုမှတ်တမ်း။


စင်ကာပူနိုင်ငံ၊ Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုမှတ်တမ်း။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုမှတ်တမ်း။

ယခုအခါ ဇွန်လ ၁၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရက်သတ္တ ၂ ပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ Singapore Lotus Light Charity Society၊ Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group၊ ထိုင်းနိုင်ငံရောက် စေတနာရှင်များတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်နှင့်အိမ်သုံးပစ္စည်းများကိုဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၃ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၃ စီး၊ မော်တော်ယာဉ် ၁၁၂ စီးဖြင့် စုစုပေါင်း တန်ချိန် ၂၄၃၅ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ ရက်သတ္တ ၂ ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့်ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို ၂ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **မြဝတီ**

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
## (၁၀-၃-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၅၁၂၀** | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၆၁၀ | **၅၀၇၂** | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | **၇၇၅** | ၁၀ | ၄၁၅ | - | - | ၁၅၀ | **၂၀၀** | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၇၂၃** | ၄ | ၂၅ | ၁၄၉၇ | - | ၅၃၅ | **၆၆၂** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၉၆၀ | **၁၂၆၂** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၆၅** | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | **၁၈** | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၉၆** | ၁၉၂ | ၂၆၇ | ၁၇ | ၂၀ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၁၁၂** | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | **၂၀၈၂၉** | ၁၀၅၇၃ | ၈၂၄၄ | ၁၄၄၀ | ၄၈၆ | ၈၆ | - | |
| | | အိတ် | **၃၃၅** | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | **၉၂** | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၉၀** | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | **၅၁၄၉** | ၁၅၃၈ | ၂၈၀၅ | ၁၀၀၄ | ၁၆၉ | ၃၃ | - | |
| | | ထုပ် | **၂၄၄၃** | ၉၉၀ | ၁၂၅၂ | ၁၀၂ | ၉၉ | - | - | |
| | | ခု | **၁၆၆၄** | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | **၇၃** | ၃၃ | ၃၀ | ၅ | ၅ | | - | |
| | | စည်း | **၇** | ၃ | ၂ | ၁ | ၁ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၇** | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၂၂၈** | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | **၂၁၀၈** | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | **၂၃** | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | **၇** | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | **၃၃၃** | ၁၃၃ | ၁၇၈ | ၁၃ | ၉ | - | - | |
| ၁၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | **၆၆၆** | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၉၆၆** | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

စာမျက်နှာ ၁၃ သို့ ❍

# စေတီတော်ပြန်လည်ပြုပြင်မွမ်းမံရာတွင် SOP နှင့်အညီဖြစ်စေရေး လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်



နေပြည်တော် ဇွန် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် သာသနာ့အလင်းရောင် လှေခွင်းတောင်တော် ကိုးမုခ်ပြန်ပတ္တမြားကပ်ကျော်စေတီတော်နှင့် ရင်ပြင်တော်မြေထိန်းနံရံနိမ့်ကျပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စေတီတော်ပြန်လည်ပြုပြင်မွမ်းမံရာတွင် SOP နှင့်အညီဖြစ်စေရေးအတွက် လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တင်ပြ၍လမ်းညွှန်ချက်ခံယူဆောင်ရွက်ရန်နှင့် အင်ဂျင်နီယာအဖွဲ့၏ လမ်းညွှန်မှုများနှင့်လည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ ဘုရားကိုးဆူစေတီတော် ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃)၏ ၂၀၂၅ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅

မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃)၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်တင့်၊ ဒုတိယဝန်ကြီး ဦးထင်ကျော်သူ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာအသီးသီးတွင် နှစ်ရှည်ပင်၊ သီးပင်စားပင်နှင့် ပျိုးပင်ပေါင်း ၂၀၀ တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီးပါဝင်စိုက်ပျိုးခဲ့သူများအား အမှတ်တရလက်ဆောင်အဖြစ် Indoor Plant များကို ပေးအပ်ကြောင်းသိရသည်။

မြဝတီ

# လွိုင်ကော်မြို့ ဘီလူးချောင်းမြေထိန်းနံရံများ တည်ဆောက်နေမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၂၅

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်ရှိ ဘီလူးချောင်းကမ်းပါး ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ရှုခင်းသာပန်းခြံအတွင်း ပြည်သူများအပန်းဖြေနားနေနိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရှမ်းစုရပ်ကွက် အနိမ့်ပိုင်းတွင် ချောင်းရေ ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် မြေထိန်းနံရံနှင့် ရေတားနံရံများ၊ ရေထိန်းတံခါးများဆောင်ရွက်ရမည့် မြေနေရာနှင့် ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘီလူးချောင်းတစ်လျှောက် ရေကြီးရေလျှံဖြစ်ပေါ်နိုင်သည့်နေရာများတွင် ရေတားနံရံများ အမြန်တည်ဆောက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့အဝင်လမ်းမကြီးလမ်းဘေးဝဲ၊ ယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှု၊ လမ်းလယ်ကျွန်းများ ပြုပြင်ဆောင်ရွက်နေမှုနှင့် နောင်ယား(က)ရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းဝန်ထမ်းအိမ်ရာ လေးခန်းတွဲသုံးထပ်အိမ်ရာအမှတ် ၂၀၊ ၂၁၊ ၂၂ တို့တွင် ပြုပြင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

❍ စာမျက်နှာ ၁၂ မှအဆက်

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမှလှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့်ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ် အစားမျိုးစုံ | လုံး | ၂၀ | - | - | - | - | - | ၂၀ | ဆက်လက် ဖြန့်ခွဲ ပါမည် |
| ၂ | လူသုံးကုန် ပစ္စည်းမျိုးစုံ | ဖာ | ၁၆ | ၇ | ၇ | ၁ | ၁ | - | - | |
| | | ထုပ် | ၅ | ၁ | ၂ | ၁ | ၁ | - | - | |
| | | စည်း | ၇ | ၃ | ၂ | ၁ | ၁ | - | - | |
| ၃ | အိမ်သုံး ပစ္စည်းများ | ဖာ | ၁၀၈ | ၄၉ | ၄၈ | ၅ | ၆ | - | - | |

### Singapore Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက် ကုန်ပစ္စည်း | ဖာ | ၈၀ | ၃၇ | ၃၆ | ၃ | ၄ | - | - | |

### Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ် အစားမျိုးစုံ | လုံး | ၂၅ | - | - | - | - | - | ၂၅ | ဆက်လက် ဖြန့်ခွဲပါမည်။ |
| ၂ | Sleeping Bags | ထုပ် | ၂၂ | ၁၀ | ၁၀ | ၁ | ၁ | - | - | |
| ၃ | လူသုံးကုန် ပစ္စည်းမျိုးစုံ | ထုပ် | ၁ | - | - | ၁ | - | - | - | |

### ထိုင်းနိုင်ငံရောက်စေတနာရှင်များမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက် ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၃၃၈ | ၆၁၄ | ၆၀၁ | ၅၅ | ၆၈ | - | - | |
| ၂ | လူသုံးကုန် ပစ္စည်းမျိုးစုံ | ဖာ/ထုပ် | ၆၂၄ | ၂၈၇ | ၂၈၁ | ၂၅ | ၃၁ | - | - | |
| | | ဖာ | ၉၅၀ | ၄၃၇ | ၄၂၇ | ၃၈ | ၄၈ | - | - | |

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ

အပိုင်း(၃)

ဒေါက်တာလပြည့်ခင်

**MDA ($C_{10}H_{13}NO_2$)သည် ကျေနပ်ပျော်ရွှင်မှု၊ စွမ်းအင်အဆင့်တိုးမြှင့်မှု၊ အာရုံခံစားမှုနှင့်စာနာမှုတို့ကို မြှင့်တင်ပေးပြီး ပြောင်းလဲလာသောအချိန်သညာကို ထုတ်ပေးသည်။ MDA သည် MDMA နှင့် နှိုင်းယှဉ်လျှင် ပိုမိုအားကောင်းသော အမြင်အာရုံနှင့်အကြားအာရုံယောင်များကို ဖြစ်ပေါ်စေပြီး စွမ်းအင်အဆင့်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။**

**အရေးပါသည့်ထိန်းချုပ်ဓာတုပစ္စည်းများ(ပရီကာဆာများ)ကို တရားဝင်နှင့်တရားမဝင် အသုံးပြုခြင်းများ**

အပိုင်း(၂)တွင်ဖော်ပြခဲ့သော United Nations Convention Against Illicit Traffic in Narcotic Drugs and Psychotropic Substances က ကြေညာထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ၄၃ မျိုး၏ တရားဝင်အသုံးပြုမှုများနှင့် တရားမဝင်အသုံးပြုမှုများကို ဆက်လက်ဖော်ပြသွားပါမည်။

၁။ **N–acetylanthranilic Acid** (အင်–အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ်) $C_9H_9NO_3$ ကို ဆေးဝါးများ၊ ပလတ်စတစ်များနှင့် သန့်စင်သောဓာတုပစ္စည်းများ၊ ပြင်းအားပျော့သော ဓာတုပစ္စည်းများနှင့် ပလတ်စတစ်များထုတ်လုပ်ရာတွင် တရားဝင်အသုံးပြုပြီး မက်သာကွာလုံး (Methaqualone) နှင့် မက်ကလိုကွာလုံး (Mecloqualone) ကို ဖန်တီးထုတ်လုပ်ရာတွင် တရားမဝင်အသုံးပြုသည်။

၂။ **Ephedrine** (အက်ဖီဒရင်း) $C_{10}H_{15}NO$ မှာ အနံ့မရှိသော အဖြူရောင်ပုံဆောင်ခဲအမှုန့်ဖြစ်ပြီး အက်ဖီဒရာအပင်မှ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ရရှိသည်။ ၎င်းသည် Alcohol တွင် ပျော်ဝင်ပြီး Ether Chloroform တို့တွင် ပျော်ဝင်ခြင်းမရှိပါ။ ထိုအမှုန့်ကို ရှူရှိုက်လျှင် အန္တရာယ်ရှိသည်။ ပန်းနာရင်ကျပ်ကဲ့သို့ အသက်ရှူကျပ်သောရောဂါကာကွယ်ဆေး၊ အသက်ရှူလမ်းကြောင်း သန့်ရှင်းစေသောဆေးဝါးများထုတ်လုပ်ရာတွင်သုံးပြီး မက်သာအဖက်တမင်း (Metham–phetmine) တရားမဝင် ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။

၃။ **Ergometrine** (အာဂိုမတ်ထရင်း) $C_{23}H_{27}N_3O_6$ ကို ခေါင်းကိုက်ရောဂါသက်သာစေသည့် ဆေးဝါး၊ သားဖွား/မီးယပ်တွင် သားအိမ်ညှစ်ဆေးနှင့် သားဖွားရာတွင် အသက်ရှူဝစေရန်အသုံးပြုပြီး လိုင်ဆာဂျစ်အက်စစ် (Lysergic Acid) နှင့် လိုင်ဆာဂျစ်အက်စစ်ဒိုင်အီသိုင်းလမိုဒ် (Lysergic Acid Diethylamide (L.S.D))ဖန်တီးထုတ်လုပ်ရာ၌ တရားမဝင်အသုံးပြုသည်။

၄။ **Ergotamine** (အာဂိုတမင်း) $C_{33}H_{35}N_5O_5$ ကို သားဖွား/မီးယပ်သည့်မိခင်အား ကုသရာတွင် မရှိမဖြစ်အသုံးပြုရသောပစ္စည်းဖြစ်သည်။ ခေါင်းတစ်ခြမ်းကိုက်ခြင်းကိုကုသပေးသည့်ဆေးဖြစ်ပြီး နာကျင်ခြင်း၊ ပျို့အန်ခြင်း၊ စိတ်တိုခြင်းနှင့် ယာယီအမြင်အာရုံဆုံးရှုံးခြင်းတို့ကို ဖြစ်စေနိုင်သည်။ ဤဆေးပြားများသည် နာကျင်ခြင်းအချက်ပြမှုများကိုပိတ်ဆို့ကာ ဦးနှောက်အတွင်းရှိ သွေးကြောများကိုကျဉ်းစေရန် လုပ်ဆောင်သည်။ ဆေးအရည်ပျော်စေရန် လျှာအောက်တွင်ထား၍ သောက်နိုင်သည်။ Aura နှင့် ဦးခေါင်းအစုလိုက်အပြုံလိုက်ကိုက်ခြင်း ရှိ/မရှိ စစ်ဆေးသည့် Alpha–1 Selective Adrenergic Agonist Vasoconstrictor ဆေးဖြစ်သည်။ Lysergic Acid နှင့် L.S.D(Lysergic Acid Diethylamide) တို့ ထုတ်လုပ်ရာ၌လည်း တရားမဝင်အသုံးပြုသည်။

၅။ **Isosafrole** (အိုင်ဆိုဆာဖရိုး) $C_{10}H_{10}O_2$ သည် အမွှေးရနံ့လုပ်ငန်းတွင် အသုံးပြုသော အော်ဂဲနစ်ဒြပ်ပေါင်းတစ်ခုဖြစ်ပြီး စမုန်နက် သို့မဟုတ် နွယ်ပင်၏ရနံ့ကိုရရှိစေသည်။ ယင်းကို ပိုင်ပါရိုနယ်လ် (Piperronal)၊ အဆင့်မြင့်ရေမွှေး (Perfume) ဖြစ်စေရန် ပြုပြင်ရာ၌လည်းကောင်း၊ အရည်အသွေးကောင်းသော ဆပ်ပြာမွှေးဖြစ်စေရန်လည်းကောင်း၊ ဆာဆပါရိလ်အမွှေးနံ့ပြုလုပ်ရာတွင်လည်းကောင်း၊ ကပ်ရောဂါကာကွယ်ဆေးထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုသည်။ ဘီယာပြုလုပ်ရာ၌ မီသိုင်းလ်ဆီလီကိတ် (Methyl Silicate) နှင့်အတူ Isosafrole ပမာဏအနည်းငယ်ကို ထည့်သုံးခြင်းဖြင့် အနံ့ပိုမိုကောင်းမွန်စေသည်။ တရားမဝင်အနေဖြင့် MDA (3,4–Methylene–dioxyamphetamine)၊ MDE (3,4–Methylenedioxy–N–ethylamphetamine)၊ MIMA နှင့် Normalhy–droxitine Amphetamine တို့ထုတ်လုပ်ရာ၌ အသုံးပြုသည်။

၆။ **Lysergic Acid** (လိုက်ဆာဂျစ်အက်စစ်) $C_{16}H_{16}N_2O_2$ ကို d–lysergic acid နှင့် (+)–lysergic acid ဟုခေါ်ဆိုနိုင်သည်။ LA ကိုဆေးဝါး (Phamaceutical) အဖြစ်လည်းကောင်း၊ စိတ်အားထက်သန်စေသောဆေးဝါးများ (Psychedelic Drugs) အဖြစ်လည်းကောင်း၊ အော်ဂဲနစ်ပစ္စည်းများ (Organics)ထုတ်လုပ်ရာ၌ အသုံးပြုနိုင်ပြီး L.S.D (Lysergic Acid Diethylamide) တရားမဝင် ထုတ်လုပ်ရာ၌လည်းကောင်းအသုံးပြုသည်။

၇။ **3,4–Methylenedioxyphenyl–2–Propanone** (၃၊ ၄–မီသိုင်းလ်လင်းဒိုင်အောက်ဆီဖီနိုင်းလ်–၂–ပရိုပန်နုန်း) (MDP–2–P/PMK) $C_{10}H_{10}O_3$ ကို ပိုင်ပါရိုနောနှင့် အခြားသောအမွှေးဆီများ၊ ရေမွှေးများ ထုတ်လုပ်ရာ၌သုံးပြီး Amphetamine၊ MDA (3,4–Methylenedioxyamphetamine)၊ MDE (3,4–Methylenedioxy–N–ethylamphetamine)၊ MDMA (3,4–Methylenedioxymethamphetamine) Normalhydroxydine, Amphetamine (N–OM MDA) တို့ကို တရားမဝင်စိတ်ကြွဆေးများ ထုတ်လုပ်ရာ၌လည်း အသုံးပြုသည်။

**MDMA (3,4–Methylenedioxymetham–phetamine) or Ecstasy**

**"Ecstasy"** ဟု ပို၍ လူသိများထင်ရှားသော MDMA သည် Schedule I ဆေးဖြစ်ပြီး ရေတွင် အလွန်ပျော်ဝင်နိုင်သော အဖြူရောင် Semisolid ဓာတုပစ္စည်းဖြစ်သည်။ ၎င်းသည် ကြည်လင်ပြီး အရောင်မဲ့အရည်ကို ရေတွင် အယ်ကိုဟောရနံ့အနည်းငယ်ဖြင့် ဖွဲ့စည်းထားသည်။ MDMA ကို အစာစားချင်စိတ်ကို သက်သာစေသည့် ဆေးဝါးအဖြစ်လည်းကောင်း၊ စိတ်ကုထုံးတွင် အသုံးပြုခဲ့ပြီး ပါကင်ဆန်ရောဂါနှင့် စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုရောဂါတို့ကိုကုသရာတွင်လည်းကောင်း အသုံးပြုကြသည်။ တစ်နည်းအားဖြင့် **MDMA ($C_{11}H_{15}NO_2$.HCl)** သည် **"စိတ်ကြွဆေးပြား"** သို့မဟုတ် **"Molly"** ဟု အများအားဖြင့် ရည်ညွှန်းသည့် လူသိများသောအပန်းဖြေဆေးဖြစ်သည်။ ၎င်းသည် ပြင်းထန်သော ကြည်နူးမှု၊ စိတ်ခံစားမှု၊ ပွင့်လင်းမှုနှင့် စာနာမှုတို့ကို ဖြစ်ပေါ်စေသကဲ့သို့ အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးပြီး စွမ်းအင်အဆင့်ကို တိုးမြှင့်ပေးသည်။

MDMA အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော Serotonin များအလွန်အကျွံထုတ်လွှတ်မှုသည် ဦးနှောက်အတွင်းရှိ အာရုံကြောထုတ်လွှတ်မှုစနစ် (Neurotransmitter) ကို သိသိသာသာ လျော့ကျသွားစေနိုင်သည်။ အကျိုးဆက်အနေဖြင့် လူများသည် MDMA အသုံးပြုပြီးနောက် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်နှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော အပျက်သဘောဆောင်သော စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများကို ရက်အတော်ကြာ ကြုံတွေ့ရနိုင်သည်။ MDMA သည် Norepinephrine ထွက်လာခြင်းကြောင့် အဓိကအားဖြင့် နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်တိုးခြင်းကဲ့သို့သော Adrenergic သက်ရောက်မှုများကို တစ်သမတ်တည်းဖြစ်ပေါ်စေသည်။

**လူများသည် MDMA အသုံးပြုပြီးနောက် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်နှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော အပျက်သဘော ဆောင်သော စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများကို ရက်အတော်ကြာ ကြုံတွေ့ရနိုင်သည်။ MDMA သည် Norepinephrine ထွက်လာခြင်းကြောင့် အဓိကအားဖြင့် နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်တိုးခြင်းကဲ့သို့သော Adrenergic သက်ရောက်မှုများကို တစ်သမတ်တည်းဖြစ်ပေါ်စေသည်။**

MDMA သည် စိတ်ဓာတ်ကျခြင်း သို့မဟုတ် စိုးရိမ်ပူပန်မှုကို ဖြစ်စေနိုင်သည်။ MDMA သည် နှလုံးခုန်နှုန်းကို ဖြစ်ပေါ်စေပြီး နှလုံးတိုက်ခိုက်ခံရနိုင်ခြေကိုတိုးစေသည်ဟု လူသိများသည်။ ရေတိုဘေးထွက်ဆိုးကျိုးအနေဖြင့် ပျို့ခြင်း၊ အန်ခြင်း၊ အစာစားချင်စိတ်ကိုလျော့ကျစေခြင်း၊ ဝမ်းသာပီတိစိတ်ဖြစ်ခြင်း၊ အဆိုးမြင်စိတ်များလျော့ပါးလာခြင်း၊ မလုံခြုံမှုများလျော့ပါးလာခြင်း၊ ခံစားချက်ခိုင်မာလာခြင်းတို့ဖြစ်ပေါ်စေပြီး ရေရှည်ဘေးထွက်ဆိုးကျိုးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ပူပင်သောကဖြစ်ခြင်း၊ အဆိုးမြင်စိတ်များတိုးလာခြင်း၊ အိပ်မပျော်ခြင်း၊ အစာစားချင်စိတ်ကို လျော့ကျစေခြင်း၊ မှတ်ဉာဏ်ပြဿနာများဖြစ်ပေါ်ခြင်းနှင့် စိတ်တိုစရာခံစားချက်များကို ဖြစ်ပေါ်စေသည်။

**MDA (3,4–Methylenedioxyamphetamine) or Sassafras**

**"Sally"** သို့မဟုတ် **"Sassafras"** ဟုလည်းခေါ်သော **MDA ($C_{10}H_{13}NO_2$)** သည် ကျေနပ်ပျော်ရွှင်မှု၊ စွမ်းအင်အဆင့်တိုးမြှင့်မှု၊ အာရုံခံစားမှုနှင့်စာနာမှုတို့ကို မြှင့်တင်ပေးပြီး ပြောင်းလဲလာသော အချိန်သညာကို ထုတ်ပေးသည်။ MDA သည် MDMA နှင့် နှိုင်းယှဉ်လျှင် ပိုမိုအားကောင်းသော အမြင်အာရုံနှင့် အကြားအာရုံယောင်များကို ဖြစ်ပေါ်စေပြီး စွမ်းအင်အဆင့်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။ MDA ခန္ဓာကိုယ်မှ အပြည့်အဝဖယ်ထုတ်ပစ်ရန် MDMA ထက် ၂ နာရီမှ ၄ နာရီ ပိုကြာတတ်သည်။ MDMA နှင့်ခံစားချက်ချင်း ဆင်တူသော်လည်း MDA ၏ serotonin receptors များပေါ်တွင် MDA ၏လုပ်ဆောင်ချက်သည် အသုံးပြုပြီး နောက်ရက်အတော်ကြာ ခံစားရနိုင်သည့် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းကဲ့သို့သော အနုတ်လက္ခဏာဆောင်သော စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

MDA နှင့် MDMA နှစ်မျိုးလုံးကို စိတ်ကြွဆေးများအဖြစ်ခွဲခြားထားပြီး ဦးနှောက်အတွင်းရှိ Serotonin၊ Dopamine နှင့် Norepinephrine တို့ကို တိုးမြှင့်နိုင်သည်။ ဆေးဝါးနှစ်မျိုးလုံးသည် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို သယ်ဆောင်လာပြီး ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများရှိသည်။ ပစ္စည်းတစ်ခုစီ၏ တိကျသောအန္တရာယ်သည် သောက်သုံးသောပမာဏ၊ သန့်ရှင်းမှု၊ တစ်ဦးချင်း ဇီဝကမ္မဗေဒနှင့် ကွဲပြားမှုနှင့်အသုံးပြုမှုအခြေအနေကဲ့သို့သော အချက်များပေါ်တွင် မူတည်၍ ကွဲပြားနိုင်သည်။ MDA သို့မဟုတ် MDMA လွန်ကဲစွာသုံးစွဲခြင်းသည် အန္တရာယ်ရှိသောခန္ဓာကိုယ်အပူချိန် (Hyperthermia)၊ နှလုံးသွေးကြောဆိုင်ရာ သက်ရောက်မှုများဖြစ်သည့် သွေးပေါင်ချိန်တက်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း သို့မဟုတ် ပုံမှန်မဟုတ်ခြင်း၊ နှလုံးရပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ စိတ်ရှုပ်ထွေးမှုဖြစ်ပေါ်ခြင်း၊ မထိန်းချုပ်နိုင်သောတုန်လှုပ်ခြင်း သို့မဟုတ် တက်ခြင်း၊ သတိလစ်ခြင်း စသည့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော အကျိုးဆက်များဖြစ်စေနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံငြိမ်းချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်စေဖို့၊ ရွေးကောက်ပွဲကျင်းပနိုင်ဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတည်ငြိမ်လုံခြုံမှုရှိဖို့က အရေးကြီးပါတယ်။

**Mr.Harishchandra Ghimire**
**(နီပေါသံအမတ်ကြီး)**


Mr.Harishchandra Ghimire


ဦးခေါ်တိန့်


ဒေါက်တာညိုညိုသင်း


Mr.Jaideep Mazumdar


Dr.Lorenzo Pacini


Mr. Kong Peng


Dr.Sabyasachi Dutta

"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေးသုံးသပ်ဆွေးနွေးပွဲ (Peace Forum 2025) ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇွန်လ ၂၅ ရက်မှစတင်၍ သုံးရက်တာ ကျင်းပလျက်ရှိသည်။

အဆိုပါသုံးသပ်ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သံရုံးများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ လေ့လာသုံးသပ်သူများ ပါဝင်တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-

**Mr.Harishchandra Ghimire**
**(နီပေါသံအမတ်ကြီး)**

မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့အချက်ကတော့ နိုင်ငံရေးပညာရှင်တွေအားလုံး သက်ဆိုင်ရာကဏ္ဍအားလုံးမှာ ပါဝင်ဖို့လိုအပ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံငြိမ်းချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေဖို့၊ ရွေးကောက်ပွဲကျင်းပနိုင်ဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတည်ငြိမ်လုံခြုံမှုရှိဖို့က အရေးကြီးပါတယ်။ ဒီနေ့ကျင်းပတဲ့ ဖိုရမ်မှာ နိုင်ငံတကာက ပညာရှင်တွေ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေက ပညာရှင်တွေဖိတ်ကြားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးအကြံပြုကြမယ်လို့ သိရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက လက်ရှိမြန်မာ့နိုင်ငံရေးရဲ့ လက်ရှိအခြေအနေမှာ ပါဝင်နေပါတယ်၊ ဒါကြောင့် နိုင်ငံကိုငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ဖို့က အဓိကဖြစ်တဲ့အတွက် သဘောထားအမြင်တွေ ကွဲပြားမှု ဘယ်လိုရှိနေပါစေ ဒီလိုငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ပေးကြဖို့ အရေးကြီးပါတယ်။ ပြီးတော့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးချောမွေ့ဖို့လိုအပ်ပြီး ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း ဆက်ပြီးရှေ့ကို သွားနိုင်မှာဖြစ်ပါတယ်။

**ဦးခေါ်တိန့်**
**ပါတီအတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)**

ဒီနေ့ကျင်းပတဲ့ ဖိုရမ်က နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲအတွက် ခြေလှမ်းသစ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်က နိုင်ငံရေးပါတီအနေနဲ့ ပါဝင်ဆွေးနွေးသွားဖို့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် စီးပွားရေးတွေဆုံးရှုံးတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးတယ်၊ ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေကြောင့် တရားဥပဒေစိုးမိုးမှုမရှိတော့ ပြည်သူတွေကအဲဒီဒဏ်ကို ခါးသီးစွာခံစားနေကြရတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေကနယ်မြေတွေကို ထိန်းချုပ်ဖို့ကြိုးပမ်းပြီး ပြည်နယ်အတွင်းမှာရှိတဲ့ သယံဇာတတွေကို တရားမဝင်ထုတ်ယူရောင်းချပြီး လက်နက်တွေဝယ်ယူကြတယ်၊ ဒေသခံတွေရဲ့ဘဝကတော့ အတိဒုက္ခရောက်ရတယ်။ ဒါကြောင့် ကျွန်တော်တို့ သဘောထားကတော့ ငြိမ်းချမ်းချင်တယ်။ တရားဥပဒေစိုးမိုးစေချင်တယ်။

နောက်တစ်ခုက ရွေးကောက်ပွဲလုပ်စေချင်တယ်။ ရွေးကောက်ပွဲလုပ်မှပဲ ကျွန်တော်တို့ တိုင်းရင်းသားတွေက လွှတ်တော်ကိုရောက်လာပြီး ကျွန်တော်တို့ဒေသရဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်။ ပြည်သူအားလုံးက မဲဆန္ဒရှင်တွေဖြစ်တယ်။ လက်နက်ကိုင်တိုင်းရင်းသားဖြစ်ဖြစ်၊ တိုင်းရင်းသားပြည်သူအားလုံးဖြစ်ဖြစ် ဆန္ဒမဲပေးသင့်တယ်။ ဒါမှသာ အချင်းချင်း ပိုယုံကြည်အားကိုးလာမယ်။ လက်ရှိမှာ မဲဆန္ဒရှင်နဲ့ မဲဆန္ဒနယ်တွေ မပျောက်ဆုံးဖို့ပါပဲ။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့နဲ့ မဲဆန္ဒနယ်တွေ ပျောက်ဆုံးမသွားဖို့ အခုလို ဆွေးနွေးညှိနှိုင်းနေရတာဖြစ်ပါတယ်။

**ဒေါက်တာညိုညိုသင်း**
**လွှတ်တော်ကိုယ်စားလှယ်ဟောင်း**

ဒီဖိုရမ်က ပြီးခဲ့တဲ့ မတ်လကကျင်းပတဲ့ Peace Talk ရဲ့ အဆက်ဖြစ်ပါတယ်။ Peace Talk မှာ ရခဲ့တဲ့ တိုးတက်မှုတွေကို အခြေခံပြီး ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ပဋိပက္ခတွေက အပစ်အခတ်ရပ်စဲမှုတွေ လုပ်ပေမယ့် မြေပြင်မှာက ပဋိပက္ခတွေ ဆက်ဖြစ်နေတာမို့ ငြိမ်းချမ်းရေးတံခါးကို ဆက်ဖွင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလို ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး လက်နက်ကိုင်တိုက်ပွဲတွေအစား၊ လက်နက်ကိုင်နည်းလမ်းအစား စကားဝိုင်းဆွေးနွေးပွဲတွေ ကျင်းပလာနိုင်ဖို့ ရည်ရွယ်ထားတယ်။ ဆွေးနွေးပွဲစကားဝိုင်းတွေဖြစ်လာဖို့အတွက် ဒီနေ့ကျင်းပတဲ့ဖိုရမ်က အစကနဦးခြေလှမ်းဖြစ်ပါတယ်၊ ပြည်တွင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ပြည်တွင်းအုပ်စုတွေ အားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒါမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ရရှိမှာဖြစ်ပါတယ်။

**Mr.Jaideep Mazumdar**
**သံအမတ်ကြီး(အငြိမ်းစား)၊**
**အိန္ဒိယဖောင်ဒေးရှင်း**

ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုရှိရင် စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လူနေမှုဘဝတွေ မြင့်တက်လာမှာဖြစ်ပါတယ်၊ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာဖို့ဆိုရင် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးက အခြေခံအကျဆုံးအချက်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အဓိကအရေးကြီးဆုံးအချက်က ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက သူတို့ကို တပ်မတော်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်စေချင်တယ်။ ဒါ့အပြင် သူတို့ရဲ့အခွင့်အရေးကို အပြည့်အဝကာကွယ်နိုင်တဲ့အခွင့်အရေး ရရှိလိုကြတယ်။ ဖိုရမ်တက်ရောက်လာကြတဲ့ မြန်မာနိုင်ငံသားတွေက အိန္ဒိယလိုမျိုး အိမ်နီးချင်းနိုင်ငံတွေအပါအဝင် အတွေ့အကြုံရှိတဲ့နိုင်ငံတွေက ကိုယ်စားလှယ်တွေရဲ့တင်ပြချက်၊ ဆွေးနွေးချက်တွေကိုလေ့လာကြမယ်။ ကျွန်တော်တို့တွေဟာ မြို့ပြစနစ်ဖြစ်ထွန်းမှုတွေ၊ မတူကွဲပြားမှုတွေနဲ့အတူ ဘယ်လိုနေထိုင်သွားကြမလဲဆိုတဲ့ အသိပညာ၊ ဗဟုသုတတွေကို မျှဝေပေးကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲမှာ အားလုံးပါဝင်ပြီး အောင်မြင်တဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာဖို့လည်း မျှော်လင့်ပါတယ်။

**Dr.Lorenzo Pacini**
**Associated Professor SUPDI University–Distance Learning Private University School Zug, Switzerland၊ အီတလီနိုင်ငံ**

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် သဘောတူညီထားတဲ့ အချက်တွေကို လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ တူညီတဲ့ နိုင်ငံရေးရပ်တည်ချက်ရှိဖို့လည်း လိုပါတယ်။ မြန်မာ့ဒီမိုကရေစီစနစ်ဟာ မြန်မာနိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ပဲဖြစ်ရမှာဖြစ်ပါတယ်။ အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီစနစ်ကို ပုံတူကူးချယူလို့ မရပါဘူး။ နိုင်ငံတကာငြိမ်းချမ်းရေးဖော်ဆောင်သူတွေနဲ့ ဒေသတွင်း မိတ်ဖက်နိုင်ငံတွေကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာမှုရှိတဲ့စကားဝိုင်းဆွေးနွေးမှုတွေကို ဖော်ဆောင်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာသုတေသီတွေက ဝိုင်းဝန်းအဖြေရှာပြီးတော့ အစိုးရအဖွဲ့ကို သင့်လျော်ကောင်းမွန်တဲ့အကြံဉာဏ်ကို အထောက်အကူပြုပေးအပ်သွားနိုင်ဖို့လိုပါတယ်။ ဘက်လိုက်မှုမရှိဘဲ မျှတတဲ့အမြင်တွေကို ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီကနေ ဘုံသဘောတူညီချက်တွေကို ချမှတ်သွားရမှာဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးအဖြေတစ်ခုကို ရဖို့အတွက် ပထမခြေလှမ်းဖြစ်ပါတယ်၊ ဘုံအကျိုးစီးပွားတွေကပဲ အကောင်းဆုံးအဖြေတစ်ခုဖြစ်လာပါလိမ့်မယ်။

**Mr. Kong Peng**
**Associate Research Fellow Director**
**မြန်မာ့ရေးရာလေ့လာရေးဌာန၊**
**ယူနန်တက္ကသိုလ်**

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကို လာရောက်ပြီး အခုလို ပါဝင်ဆွေးနွေးခွင့်ရလို့ အင်မတန် ဝမ်းသာမိပါတယ်။ ဒီဖိုရမ်ကနေ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် အကျိုးရလဒ်ကောင်းတွေ ရရှိမယ်လို့လည်း ယုံကြည်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုရရှိအောင်၊ လိုအပ်နေတဲ့ငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင် ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးပါဝင်ပြီး အကြံဉာဏ်တွေပေးသွားမှာဖြစ်ပါတယ်။

**Dr.Sabyasachi Dutta**
**Executive Director, Asian Confluence, Shillong၊ အိန္ဒိယနိုင်ငံ**

ဒီဖိုရမ်က တကယ့်ကို ကောင်းမွန်တဲ့ လုပ်ဆောင်မှုတစ်ခုပါ။ မြန်မာအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရမယ့် မူဘောင်တွေထဲက အစိတ်အပိုင်းဖြစ်ပါတယ်။ ဒီမူဘောင်တွေကို လိုက်ပါလုပ်ဆောင်ပြီးတော့ တည်ငြိမ်အေးချမ်းတဲ့ ဒီမိုကရေစီကို ဖော်ဆောင်သွားနိုင်မှာလည်းဖြစ်ပါတယ်၊ စေ့စပ်ညှိနှိုင်းမှုတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားဖို့ လိုပါတယ်။ သဘောထားမတိုက်ဆိုင်မှုတွေကတော့ရှိနေနိုင်ပါတယ်။ ဒါပေမဲ့ ဆွေးနွေးမှုတွေကနေတစ်ဆင့် ယုံကြည်မှု၊ နားလည်မှုတွေကို တည်ဆောက်သွားရမယ်။ ဒါကအရေးကြီးပါတယ်။ မြန်မာနိုင်ငံအတွက် ရွေးကောက်ပွဲက အင်မတန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲတစ်ခုတည်းတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးမူဘောင်တွေကိုလည်းတစ်ပါတည်း ချမှတ်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိစွာကျင်းပဖို့လည်းလိုအပ်ပါတယ်။ ဒီနေ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းမှာလည်း တိကျရှင်းလင်းစွာ ဖော်ပြထားပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မူဝါဒတွေကို လိုက်နာဖော်ဆောင်သွားဖို့လည်း လိုအပ်ပါတယ်။ ။

မြဝတီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သံတမန်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စိမ်းလန်းအတွေးရည် ငြိမ်းချမ်းတေးပန်းချီ"တိုင်းရင်းသားပေါင်းစုံတေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင်ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

**❖ မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရ အကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်၊ ယခုနှစ် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

**❖ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရ တောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြင်ဆင်ပေးမည်ဖြစ်၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ် . . .**

**❖ ယခုငြိမ်းချမ်းရေးဖိုရမ်အပါအဝင် မိမိတို့လက်ထက် ဆွေးနွေးမှုရလဒ်များကိုလည်း လွှတ်တော်သို့တင်ပြဆုံးဖြတ်သွားရမည်ဖြစ်၊ အဓိကအားဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားစွာဖြင့်ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းအား စာမျက်နှာ ၆ တွင်သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ယခုဖြစ်ပေါ်နေသည့်လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကိုအခြေခံသည့် ပြဿနာ၊ ငြိမ်းချမ်းရေးကိုအခြေခံသည့် ပြဿနာများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေခံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးဟူ၍ နှစ်ပိုင်းတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသည့်အချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ၎င်းအချိန်ကတည်းကပင် မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် ရည်မှန်းချက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတစဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် အတိအလင်းပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မူ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် ပြင်ဆင်မှုများကို တပ်မတော်က ဦးဆောင်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများရှိခြင်းကြောင့် အသွင်ကူးပြောင်းမှုကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါ လက်နက်ကိုင်ပဋိပက္ခများ ယနေ့တိုင်ချုပ်ငြိမ်းခြင်းမရှိခြင်းကြောင့်လည်း ယခုကဲ့သို့အခြေအနေများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုလည်း ပြန်ကြည့်ရန်လိုကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရတောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများလက်ထက်က ငြိမ်းချမ်းရေးညီလာခံရလဒ်များကို ပြည်ထောင်စုသဘောတူညီချက်(Union Accord) အဖြစ် စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ ရွေးကောက်ပွဲအပြီး လွှတ်တော်များပေါ်ပေါက်လာပါက ၎င်းလုပ်ငန်းစဉ်ကို ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုငြိမ်းချမ်းရေးဖိုရမ်အပါအဝင် မိမိတို့လက်ထက်ဆွေးနွေးမှုရလဒ်များကိုလည်း လွှတ်တော်သို့တင်ပြဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားစွာဖြင့်ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံးအနေဖြင့်လည်း ယခုကဲ့သို့စိတ်သဘောထားရှိမည်ဟု ယုံကြည်ကြောင်း၊ အလားတူ ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ပမှပညာရှင်များနှင့် သံတမန်များအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးမည်ဟုယုံကြည်ကြောင်း၊ ထို့ကြောင့် ကောင်းကျိုးများဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သည့် ယခုဖိုရမ်သည် အောင်မြင်သည့်ဆွေးနွေးမှုများရရှိလိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ "စစ်မီးလည်းငြိမ်း မြက်ခင်းစိမ်း၍ ငြိမ်းချမ်းတေးများ ချိုလွင်စေ" ဟူသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု Video Clip ကို ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 **" ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"** သုံးသပ်ဆွေးနွေးပွဲ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများက အမြင်သဘောထားများ၊ အတွေ့အကြုံများမျှဝေဖလှယ်ခြင်းများကို အလွတ်သဘောကျယ်ပြန့်စွာဆွေးနွေးကြပြီး ရရှိလာသည့်အကြံပြုချက်များကို ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များအား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်၍ ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 " ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Chairman of National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing addresses Peace Forum 2025: a discussion and review meeting on"Towards a new nation of peace and prosperity through the integration of peace, elections and development"




Senior General Min Aung Hlaing delivers address at the Peace Forum 2025.




Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.




Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.

NAY PYI TAW June 25

Peace Forum 2025: a discussion and review meeting on **"Towards a new nation of peace and prosperity through the integration of peace, elections and development"** began at Mingala Thiri Hotel in Nay Pyi Taw this morning, addressed by Chairman of State Administration Council Prime Minister Chairman of National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing.

Also present at the forum were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary General Ye Win Oo,SAC members, union ministers, senior military officers from the Office of the Commander-in-Chief, members of the of National Solidarity and Peacemaking Negotiation Committee (NSPNC), retired senior military officers, representatives of Joint Ceasefire Monitoring Committee (JMC), political parties and NCA signatory EAOs, peace negotiators, stakeholders, internal and external intellectuals and intelligentsia, departmental officials, professors, local and foreign NGOs, diplomats, representatives of various associations, and observers.

First, the Senior General and participants enjoyed the dance depicting the song "Lush Green Ideas for Peaceful Landscape" of all ethnic people presented by the Fine Arts Department of the Ministry of Religious Affairs and Culture.

Then, foreign experts participating

See Page - 21 ●●

# An opening speech delivered by Chairman of the State Administration Council Prime Minister Chairman of the National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing at the opening ceremony of the Peace Forum 2025 (25 June 2025)

**Ladies and Gentle Men, Mingalaba!**

First of all, I would like to extend my warm greetings and best wishes for physical and mental well-being, prosperity, and happiness to all those attending today's opening ceremony of the Peace Forum 2025, including officials from the State, distinguished international guests, diplomats from various foreign embassies, both local and international experts participating in the forum discussions, representatives from political parties, individuals from civil society organizations, and delegates from various organizations.

Starting today, the Peace Forum being held is a significant milestone in the ongoing peace process, as it is an event where international scholars, officials from relevant organizations, and individuals are personally participating and engaging in discussions.

Through this ongoing discussion, we aim to engage in dialogue, coordination, and the search for solutions regarding the peace that our country primarily needs. Therefore, I believe that this forum will contribute meaningfully toward achieving long-lasting and sustainable peace in our nation.

**Esteemed distinguished guests,**

In our country, it is well known that with independence came internal armed conflicts. This issue has been addressed by successive governments using their own approaches as best as they could. Although a parliamentary democracy system was practised after regaining independence, due to the country's historical and political circumstances, in 1962 the Revolutionary Council took over national responsibilities and transitioned to a socialist system—essentially a centralized form of government—which continued until 1988. Responding to the people's demand for a transition to a multi-party democracy, the Tatmadaw in 1988 undertook this transformation gradually under the State Law and Order Restoration Council and later the State Peace and Development Council.

Administrative and economic systems were progressively reformed, and a constitution aligned with the country's conditions was drafted and approved through a referendum to facilitate the implementation of a multi-party democratic system. The transition to the desired multi-party democracy was successfully and peacefully completed in 2011. Everyone has to remember that this reflects the fact that the Tatmadaw has long given importance to and worked toward establishing a democratic system.

The Tatmadaw, upon the emergence of the Nationwide Ceasefire Agreement (NCA) in 2015, established six peace principle policy, which it has continued to uphold and implement to this day. These peace policies that we have adopted and are following not only reflect the core essence of the NCA but also embody the **"awareness"** gained through successive eras of peace efforts. They represent the **"realities"** that must be adhered to in order to build a lasting and stable peace.

During the second term of the democratic government, efforts were made to rename the peace conference as the "21st Century Panglong Conference." However, this change posed historical challenges, so awareness campaigns had to be carried out. During that time, the Tatmadaw cooperated as much as possible to align with the process. We tried to strengthen civil-military relations. However, at that time, the Hluttaw and the government endorsed statements and directives that were not in line with the law and carried out many actions that violated legal frameworks. As a result, it is widely acknowledged that the second democratic government veered off the democratic path, leading to the current situation.

**Esteemed distinguished guests,**

Our nation's ultimate aspiration is to establish a **"Union State"** based on democracy and a federal system. Democracy means a system of governance chosen by the people, while federalism refers to the sharing and enjoyment of powers and rights. In other words, federalism is a principle where different regions, states, ethnic groups, and communities come together and exercise shared authority, emphasizing unity in coexistence and the equitable sharing of power.

Therefore, to ensure broader representation of diverse groups—such as various parties and ethnic groups—I have stated that in the upcoming election at the end of this year, in addition to the currently used First-Past-The-Post (FPTP) system, a Proportional Representation (PR) system will also be applied in a mixed format.

As we have taken responsibility for the State in accordance with the 2008 Constitution, we are committed to implementing the multi-party democratic system that the people aspire to. From the beginning of our assumption of duties, we have included this commitment in No 5 of the Five-Point Roadmap. Therefore, our government will hold elections as originally planned.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at the Peace Forum 2025.

When it comes to holding general elections, it is ideal if they can be conducted nationwide. However, during the elections in 2010, 2015, and 2020, we also witnessed that it was not possible to conduct fully inclusive multi-party democratic general elections. Even during the era of the AFPFL, elections were carried out amid various difficulties. Likewise, we are currently making the necessary preparations to hold the elections as widely and extensively as possible. Most importantly, the elections must be free and fair.

Under the current circumstances, it has been observed that elections and the convening of respective Hluttaws can be carried out in accordance with the 2008 Constitution and the respective election laws of the parliaments. The Constitution stipulates that holding elections must be carried out with the decision of the National Defence and Security Council. Therefore, as originally intended, elections will be held in accordance with the provisions of the law, and power will be transferred to the government elected by the people.

The ability to hold elections largely depends on the country's internal stability, peace, and security progress. Once elections are held, respective parliaments will emerge according to the law, and they will be able to engage in nation-building activities and long-term peace-building processes. For this reason, we all must collectively strive to successfully hold free and fair elections. When the Hluttaw is formed and the time comes to proceed along the democratic path that we aim for, we want to emphasize that resorting to arms to demand one's desires, or using armed struggle based on ethnicity or regionalism to prioritize one's own interests, is contrary to democracy and is not the right path. Aspirations must be discussed, decided, and implemented through the respective parliaments.

**Esteemed distinguished guests,**

When practising and implementing democracy, it is important to learn lessons from the experiences of some countries around the world and apply them appropriately. Across the globe, although many countries adopt democratic systems, the way they practice democracy differs from one country to another. Even among Western European nations, no two countries follow the exact same model. Similarly, in our Asian countries, there is no uniform approach either. In our case, we will not simply copy and paste other countries' systems in practising democratic system. Instead, we will take the lead in building and practising democracy in our own way, in accordance with our own identity aligns with our own country's history, lifestyle, cultural characteristics, and traditional customs.

See Page - 20►►

►► From Page - 19

In carrying out this process, if the interests of the State and the people are placed at the forefront and everyone works together in unity, it will lead to effective success. **We are not starting to practise this democratic system for the first time in our country.** Since gaining independence, we have already begun implementing a parliamentary democracy system. Even then, the country faced many difficulties. Under the 2008 Constitution, when the first democratic government took office in 2011, although it was able to carry out reforms and changes in democracy, politics, economy, society, international relations, and other sectors, it also encountered numerous challenges. Learning from these lessons, it is necessary to develop and implement a democratic system that fits our own country's context.

**Esteemed distinguished guests,**

It is necessary to have educated people for the future of the nation. When education is weak, it leads to misunderstandings and incorrect beliefs. Only when there are educated people in every state and region can the nation's future be assured and prosperous. Therefore, we must review and study the education systems that have been practiced over time, and continue to support and implement the necessary reforms and improvements. According to current conditions, it has been found that young people today need to complete at least up to the KG+9 level of education.

**"Stability and peace"** are essential requirements to realize democracy. Our shared desire is primarily to ensure unity, equality, and secure socio-economic rights for all ethnic peoples. By living peacefully and working well, we can achieve progress in our own lives. For such conditions to exist, it is truly necessary for us to meet face to face, honestly and openly exchange our views, and engage in sincere dialogue.

We are pursuing peace primarily based on the 2008 Constitution and the Nationwide Ceasefire Agreement (NCA) framework. The negotiation of peace needs to prevent foreign interference as well as to carry out internal sabotage and destructive activities in a clean and clear manner. I fully believe that only when national brethren come together with a spirit of Union and engage in political dialogue to find solutions can genuine and sustainable peace be successfully achieved.

Regarding international relations, while it is necessary to be in solidarity with countries around the world, special care must be taken not to become dominated or influenced by others. Based on our historical background, our country practises an independent, active, and non-aligned foreign policy, maintaining friendly and unbroken relations with other nations, and peacefully coexisting according to the five principles of peaceful coexistence. It is also necessary to have cooperative relations with neighboring countries that cannot be divided from us, and to respect and uphold our existing laws.

**Esteemed distinguished guests,**

Right after the State Administration Council took office, the very first priority was negotiating durable peace. Therefore, committees for peace were also established. From February 2021 until now, the door has always been open for peace talks, with no preconditions, and invitations and meetings for discussions have been conducted, as everyone is already aware.

I earnestly urge ethnic armed organizations to sincerely and genuinely consider their own wishes and organizational interests in balance with the interests of the Union and all ethnic peoples, and work with foresight and vision toward achieving peace in the Union.

When we pursue a multi-party democratic system, differences of opinion between individuals can arise. However, demanding one's desires through armed struggle line means is a wrong path. Political problems must be resolved by political methods—that is the most correct way. Therefore, I urge ethnic armed organizations to actively work toward finding solutions to their demands through political dialogue and negotiation. Only then can all of us ethnic peoples unite, cooperate, and firmly build the Union based on the democracy and federal system we aspire to.

Achieving internal conflict resolution and lasting durable peace is equally crucial in our efforts to build the Union we aspire to. In light of the losses and sufferings caused by armed conflict and violent acts in the country, it is necessary to work hand in hand with the people to achieve lasting peace and development. Therefore, ethnic armed organizations opposing the State, violent insurgent groups, and PDF terrorist groups are repeatedly invited and encouraged to abandon armed terror line and instead resolve political issues through political means via political party and electoral processes. Since political solutions can only be found through dialogue around the negotiating table, this forum reiterates its continuous welcome and openness to peace talks.

**Esteemed distinguished guests,**

In today's forum, individuals from various sectors and diverse organizations are participating. We have invited all stakeholders involved in peace to make this forum an inclusive national dialogue. However, some were unable to attend due to various reasons. We remain always open and welcoming for meetings and discussions, keeping the interests of the country and its people in mind. It would be better for the country if all relevant parties can participate and engage in dialogue as early as possible. Therefore, we extend further invitations for such meetings and discussions.

Peace is not something that can be clearly defined or fixed. It must be achieved and realized through positive results that arise from meetings, discussions, and negotiations. Therefore, all of us must first and foremost come together and engage in dialogue without fail. It is each of our individual responsibilities to make such meetings and discussions possible.

We have always kept the door to peace open and welcoming. Therefore, we encourage all armed groups to actively work toward finding solutions to their legitimate demands through political dialogue and close negotiation.

We conclude by saying, **"Let us walk together hand in hand on the path of dialogue to end armed conflicts and achieve lasting and sustainable peace in our country."**

Thank you all.

---

■■ From Page - 22

member General Nyo Saw, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for Investment and Foreign Economic Relations Dr Kan Zaw, senior military officers from the Office of the Commander-in-Chief, deputy ministers and military and civilian officials left the airport on the same flight.

During the visit, the Senior General will attend the fourth EEF 2025, hold an exclusive meeting with the Belarusian President, hold talks with the Chair of the Board of Eurasian Economic Commission, and visit factories. The visit will focus on cementing strategic cooperation in multi-sectors including friendship, economy, security between the governments and peoples of the two countries and enhancing economic cooperation with members of the Eurasian Economic Union (EAEU).

Then, the Myanmar high-level delegation led by the Senior General arrived at the international airport in Minsk in the evening and was warmly greeted by Deputy Prime Minister of the Republic of Belarus Mr. Yuri Shuleiko, Deputy Foreign Minister (1) Mr. Lukashevich Sergey Vladimirovich and officials, Myanmar Ambassador to the Republic of Belarus U Thit Lin Ohn, Military Attache' (Army, Navy and Air) Brig-Gen Kyaw Soe Oo and Myanmar Consul-General in Minsk U Moe Kyaw Thu.

At the airport, the Senior General was honoured and greeted by Guard of Honour of the Republic of Belarus in accordance with the tradition of greeting heads of state.

**100**

---

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● **From Page - 18**

in the event were introduced one by one.

Afterward, the Senior General delivered an opening speech. (The opening speech of the Senior General is published separately.)

Then, the Senior General made additional remarks, saying the ongoing armed conflicts are issues that are based on politics and peace. In terms of politics, it can be seen that there are two parts such as democracy and federal rights. After regaining independence, the country pursued a parliament democracy system. Since then, Myanmar aimed to adopt socialism. It was clearly stated in the independence speech of the first President of Myanmar Sao Shwe Thaik that socialism would be implemented in Myanmar. Socialism was first introduced after 1962. Preparations were made to pave the way for a multi-party democracy system after 1988 under the leadership of the Tatmadaw. The transition was carried out systematically due to armed conflicts in the country. These armed conflicts are ongoing at present, leading to the current situation.

The Tatmadaw had to assume the State responsibilities due to electoral irregularities. Therefore, holding elections and convening the Hluttaw is the best political solution. We will hold elections in December this year and January without fail. In doing so, the government will take measures to enable all eligible voters to cast their votes. We have been making preparations to hold a free and fair election.

Regarding federal rights, it has been observed that the 2008 Constitution grants federal rights, and it is necessary to review our country's history. There are also ethnic rights and political demands that require amendments to the Constitution, which we will address in accordance with the constitutional provisions. The Tatmadaw will act in line with the people's wishes to achieve the best outcomes. The previous governments compiled the results of peace conferences into the Union Accord and submitted them to the Union Parliament. Once new parliaments are formed after the elections, this process will be resumed. The outcomes of current discussions, including those from this peace forum, will also be submitted to the parliament for decision-making. Primarily, peace must be pursued with genuine sincerity, and efforts must be made to build a better nation. We are committed to national prosperity and believe that all citizens across the country share this mindset. Similarly, we trust that all international scholars and diplomats attending this forum will contribute to Myanmar's welfare. Therefore, we believe this forum will yield successful discussions to achieve positive outcomes.



Senior General Min Aung Hlaing looks around the Forum commemorative exhibition.




Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.

Following this, the Senior General presented commemorative gifts to each of the international scholars participating in the peace forum. Attendees then watched a video clip titled "May the Flames of War Cease, the Grass Grow Green, and Songs of Peace Ring Sweet," highlighting peace efforts.

Afterward, the Senior General posed for a group photo with the attendees. Following the ceremony, the Senior General and attendees toured the exhibition commemorating the Peace Forum 2025—**"Towards a new nation of peace and prosperity through the integration of peace, elections and development."**

This peace forum aims to discuss the nation's peace, stability, rule of law, and successful election processes. Domestic and international experts, professionals, and representatives from various sectors will openly exchange views and experiences. The recommendations gathered will be used to advance peace, elections, and national economic development. The forum, held from June 25 to 27, is intended to further these efforts.**100**




Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.




Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Republic of Belarus to attend fourth EEF 2025

NAY PYI TAW June 25

At the invitation of President of the Republic of Belarus H.E. Mr. Alexander Grigoryevich Lukashenko, who is the rotating chairman of EAEU, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left Nay Pyi Taw Tatmadaw Airport by special flight this morning to attend the fourth Eurasian Economic Forum (EEF) 2025 in Minsk.

The Senior General and delegation were seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC members, union ministers, senior military officers from the Office of the Commander-in-Chief, the ambassador of Russian Federation to Myanmar and officials at the airport.

Together with the Senior General, members of the delegation, SAC Joint Secretary General Ye Win Oo, SAC

See Page - 20




Senior General Min Aung Hlaing is greeted by a high-ranking official of the Republic of Belarus on arrival at the Minsk International Airport.



Senior General Min Aung Hlaing being seen off at the airport by officials.

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Novosibirsk, Russian Federation; leaves for Republic of Belarus

NAY PYI TAW June 25

At the invitation of President of the Republic of Belarus H.E. Mr. Alexander Grigoryevich Lukashenko, who is the rotating chairman of EAEU, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left here by special flight this morning to attend the fourth Eurasian Economic Forum (EEF) 2025 in Minsk. The Senior General and delegation arrived in Tolmachevo Airport, Novosibirsk, in the evening, and were warmly welcomed by Governor of Novosibirsk Mr. Travnikov Ahdrey Aleksandrovich and officials there.


The Senior General and the governor cordially exchanged views on promotion of economic cooperation, air transport services and tourism between Myanmar and Novosibirsk, Russian Federation, and with ASEAN countries.

After the meeting, the Senior General and the governor exchanged commemorative gifts.

Afterwards, the Senior General and delegation left Tolmachevo Airport for the Republic of Belarus, and were seen off there by the governor and officials.

100

Senior General Min Aung Hlaing shakes hands with Governor of Novosibirsk Mr. Travnikov Ahdrey Aleksandrovich.



# အိန္ဒိယက နှစ်ပေါင်း ၄၁ နှစ်အတွင်း ပထမဆုံးအာကာသယာဉ်မှူးကို နိုင်ငံတကာအာကာသစခန်းသို့စေလွှတ်

**နယူးဒေလီ၊ အာကာသ**

အိန္ဒိယနိုင်ငံက နှစ်ပေါင်း ၄၁ နှစ်အတွင်း ပထမဆုံးသော အာကာသယာဉ်မှူးကို နိုင်ငံတကာအာကာသစခန်းသို့ စေလွှတ်လိုက်ကြောင်းသိရသည်။ အိန္ဒိယအာကာသယာဉ်မှူး ရှုဟန်ရှုရှုကလာအပါအဝင် နိုင်ငံပေါင်းစုံမှအာကာသယာဉ်မှူး လေးဦးသည် Axiom Mission 4 (Ax–4) အမည်ရှိ မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ ဇွန်လ ၂၅ ရက်တွင် ထွက်ခွာသွားခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်ကို ဟူစတန်မြို့မှပုဂ္ဂလိကကုမ္ပဏီဖြစ်သော Axiom Space က NASA၊ အိန္ဒိယအာကာသအေဂျင်စီ၊ ဥရောပအာကာသအေဂျင်စီ၊ SpaceX ကုမ္ပဏီတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ရှုဟန်ရှုရှုကလာနှင့်အတူ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့မှ အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားကာ အိန္ဒိယနိုင်ငံနည်းတူ အဆိုပါနိုင်ငံများသည်လည်း ဆယ်စုနှစ်လေးခုကျော်ကြာပြီးနောက် အာကာသယာဉ်မှူးများကို ပထမဆုံးအကြိမ်စေလွှတ်ခြင်းဖြစ်သည်။

ယခုအာကာသခရီးစဉ်သည် ရှုကလာအတွက် ပထမဆုံးဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံ၏ပထမဆုံးသော လူပါအာကာသအစီအစဉ်အတွက် အစဖြစ်ကြောင်း ၎င်းကပြောသည်။ အဆိုပါမစ်ရှင်အရ လိုက်ပါ



သွားသောအာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းတွင် ၁၄ ရက်ကြာနေထိုင်ကာ နိုင်ငံပေါင်း ၃၁ နိုင်ငံမှ သုတေသနပေါင်း ၆၀ ကျော်ကိုလေ့လာမှုများလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: TOI, Xinhua**



# တရုတ်က AI တွင်ရင်းနှီးမြှုပ်နှံမှု ယွမ်ဘီလီယံ ၆၀၀ မှ ၇၀၀ အထိရှိမည်

**ဝါရှင်တန်၊ နည်းပညာ**


တရုတ်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာ(AI)အတွက် ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုသည် ယွမ်ဘီလီယံ ၆၀၀ မှ ၇၀၀ အထိရှိလာနိုင်ကြောင်း အမေရိကန်ဘဏ်ကထုတ်ပြန်ထားသည်။

ထိုပမာဏသည် ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံကအသုံးပြုခဲ့သော AI တွင်ရင်းနှီးမြှုပ်နှံမှုပမာဏထက် ၄၈ ရာခိုင်နှုန်းအထိမြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုပမာဏအနက် အစိုးရကအသုံးပြုသော ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ်ဘီလီယံ ၄၀၀ အထိရှိပြီး အင်တာနက်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယွမ် ၁၇၂ ဘီလီယံအထိရှိလာနိုင်ကြောင်း အမေရိကန်ဘဏ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံက ယခုကဲ့သို့ရင်းနှီးမြှုပ်နှံမှုများကိုတိုးမြှင့်လာခြင်းကြောင့် Deep-Seek ကဲ့သို့သော AI ကုမ္ပဏီများက အချိန်တိုအတွင်းအောင်မြင်လာခြင်းဖြစ်သည်ကိုမြင်တွေ့ရကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့က AI နည်းပညာတွင်လွှမ်းမိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်နေစဉ် ယခုထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ **Ref: SCMP**




# ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ခေတ္တဆိုင်းငံ့ထား

**မော်စကို၊ နိုင်ငံရေး**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ခေတ္တဆိုင်းငံ့ထားကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဇွန်လ ၂၅ ရက်တွင် ပြောသည်။

ယခင်ဆွေးနွေးမှုများမှရရှိထားသောသဘောတူညီချက်များမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့်ပတ်သက်၍ ရရှိထားသည့်အချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး လုပ်ဆောင်နေခြင်းကြောင့် နောက်ထပ်လုပ်မည့်ဆွေးနွေးမှုများကို ခေတ္တဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း ပက်စကော့က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ရရှိထားသောသဘောတူညီချက်များဖြစ်သည့် အကျဉ်းသားလဲလှယ်ရေးနှင့် ကျဆုံးစစ်သည်အလောင်းများလဲလှယ်ရေးဆောင်ရွက်ပြီးမှ နောက်ထပ်ဆွေးနွေးမှုလုပ်မည်ဖြစ်ကြောင်းသိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

# ထရမ့်က နိုင်ငံ၌တရားမဝင်နေထိုင်သူများကို တတိယနိုင်ငံများသို့ ပြည်နှင်ဒဏ်ပေးမည်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံအတွင်းရှိ တရားမဝင်နေထိုင်နေသူများကို တတိယနိုင်ငံများသို့ပြည်နှင်ဒဏ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုဆုံးဖြတ်ချက်ကို အမေရိကန်တရားရုံးချုပ်က အတည်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ယင်းအစီအစဉ်အရ ဖမ်းဆီးရမိသည့် တရားမဝင်နေထိုင်သူများကို ၎င်းတို့၏ မူလနိုင်ငံများအစား တောင်ဆူဒန်နှင့် လစ်ဗျားအပါအဝင် အာဖရိကနိုင်ငံများသို့ ပြည်နှင်ဒဏ်ပေးသွားမည်ဖြစ်သည်။

ထရမ့်သည် သမ္မတအဖြစ်ပြန်လည်ရွေးကောက်ခံရပြီးချိန်မှစ၍ နယ်စပ်ဖွင့်ထားမှုမူဝါဒများကို ပြောင်းပြန်လှန်ကာ နိုင်ငံအတွင်း တရားမဝင်နေထိုင်နေသူများအား လိုက်လံဖမ်းဆီးပြီး ပြည်နှင်ဒဏ်ပေးခြင်းများလုပ်ဆောင်လာခြင်းဖြစ်သည်။

ထရမ့်အစိုးရ၏ဆောင်ရွက်ချက်နှင့်ပတ်သက်၍ လူ့အခွင့်အရေးအဖွဲ့များက တရားစွဲဆိုရာ ခရိုင်တရားရုံးတစ်ခုက အစိုးရ၏ပြည်နှင်ဒဏ်ပေးခြင်းကို ဆိုင်းငံ့ခဲ့သည်။ သို့သော် တရားရုံးချုပ်က ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: RT**

# ပြည်ပကုမ္ပဏီများ ပြန်လည်ရင်းနှီးမြှုပ်နှံလာနိုင်မှုအတွက် အသင့်ပြင်ဆင်ထားရန် ပူတင်ညွှန်ကြား

ရုရှားနိုင်ငံအတွင်းသို့ ပြည်ပကုမ္ပဏီများပြန်လည်ဝင်ရောက်ကာ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လာနိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် အသင့်ပြင်ဆင်ထားရန် ရုရှားသမ္မတဗလာဒီမာပူတင်က ညွှန်ကြားထားကြောင်းသိရသည်။

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား ပဋိပက္ခများပြင်းထန်စွာဖြစ်ပွားလာသည့် ၂၀၂၂ ခုနှစ်မှစ၍ အမေရိကန်နှင့်အနောက်နိုင်ငံများက ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ခြင်းကြောင့် နိုင်ငံတကာကုမ္ပဏီများက ရုရှားနိုင်ငံမှထွက်ခွာသွားရခြင်းဖြစ်သည်။

သို့သော် ထွက်ခွာသွားသောကုမ္ပဏီများအနေဖြင့် ၎င်းတို့၏သဘောဆန္ဒအရ ထွက်ခွာသွားခြင်းသာဖြစ်ကြောင်း၊ ယင်းကုမ္ပဏီများ ပြန်လာလိုပါက ရုရှားနိုင်ငံက တံခါးဖွင့်ထားမည်ဖြစ်ကြောင်း၊ ရုရှားကုမ္ပဏီများ၏အကျိုးစီးပွားများကိုလည်း ထည့်သွင်းတွက်ချက်မည်ဖြစ်ကြောင်း ပူတင်ကပြောထားသည်။ ပြည်ပကုမ္ပဏီများအနေဖြင့် ရုရှားဈေးကွက်ကိုဆုံးရှုံးမှုကြောင့် ဒေါ်လာဘီလီယံ ၃၀၀ အထိ နစ်နာကြောင်းသိရသည်။ **Ref: RT**

# အမေရိကန်က ရုရှားအပေါ် နောက်ထပ်ပိတ်ဆို့မှုများ ချမှတ်မည်မဟုတ်ဟုဆို

အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံအပေါ် နောက်ထပ်ပိတ်ဆို့မှုများချမှတ်သွားမည်မဟုတ်ဘဲ ငြိမ်းချမ်းရေးသဘောတူညီချက်အတွက် ဆွေးနွေးလိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကပြောသည်။

ထိုကဲ့သို့သော ပိတ်ဆို့မှုများကိုချမှတ်လိုက်မည်ဆိုပါက အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်နိုင်မည့်အခြေအနေကိုပါ ဆုံးရှုံးသွားရမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့်သူပင်မရှိဖြစ်သွားနိုင်ကြောင်း NATO ထိပ်သီးအစည်းအဝေး၏ ဘေးပန်းအင်တာဗျူးတစ်ခုတွင် မာကိုရူဘီယိုကပြောခြင်းဖြစ်သည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ရုရှားနိုင်ငံနှင့်မည်သည့်အချိန်၊ မည်သည့်နေရာတွင် စီးပွားရေးကိစ္စဆောင်ရွက်ရမည်ကို သိရှိထားကြောင်း၊ ကွန်ဂရက်ကလည်း ထရမ့်ကိုလူးသာလွန့်သာရှိအောင် ခွင့်ပြုပေးရေးအတွက် အစိုးရအဖွဲ့အနေဖြင့်ကြိုးပမ်းနေကြောင်း ၎င်းကဆက်ပြောထားသည်ဟု Politico သတင်းဌာနကဖော်ပြထားသည်။

**Ref: RT**

# NATO က ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ပြီး နိုင်ငံအချင်းချင်းကာကွယ်ရန် သဘောတူ

NATO တပ်ဖွဲ့သည် ယခုလုပ်ဆောင်သောထိပ်သီးအစည်းအဝေး၌ ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်ပြီး နိုင်ငံများကအချင်းချင်း အပြန်အလှန်ကာကွယ်ရန် သဘောတူလိုက်ကြောင်း ဇွန်လ ၂၅ ရက်တွင်ထုတ်ပြန်သည်။

NATO တပ်ဖွဲ့အနေဖြင့် လက်ရှိသတ်မှတ်ထားသည့်ကာကွယ်ရေးအသုံးစရိတ် ၂ ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်းအထိတိုးမြှင့်ရန်သဘောတူလိုက်ခြင်းဖြစ်ပြီး ထိုသို့တိုးမြှင့်ခြင်းသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ တောင်းဆိုချက်နှင့်အညီဖြစ်သည်။

ထို့ပြင် နိုင်ငံများသည် ဝါရှင်တန်သဘောတူညီချက်ပါအပိုဒ် ၅ အရ စုပေါင်းကာကွယ်ရေးကတိပြုမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ အဆိုပါအပိုဒ် ၅ အရ NATO တပ်ဖွဲ့ဝင်တစ်နိုင်ငံကို တိုက်ခိုက်ခြင်းသည် တစ်ဖွဲ့လုံးကိုတိုက်ခိုက်ခြင်းဖြစ်သည်ဟုမှတ်ယူကြောင်း NATO ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: TST**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## နောက်ဆုံးခွဲခွာခြင်း

တစ်နေ့သ၌ ကိုသိန်းဖေ၏တူမ ဆရာမကြီးက သူတို့မှာ ရန်ကုန်သို့ မပြန်ဘဲ မဖြစ်ကြောင်း၊ ဆေးရုံသို့ အလုပ်ဝင်ရမည်ဖြစ်ကြောင်း ကျွန်ုပ်အားပြောလေရာ ကျွန်ုပ်က ကိုသိန်းဖေအား ဤစကားကို ပြောပြ၍ ကျွန်ုပ်တို့လင်မယားလည်း အဖော်ကောင်းတုန်းလိုက်လိုကြောင်း (ထိုအချိန်တွင် အသွားအလာ အလွန်ခဲယဉ်းသည်ဖြစ်ရာ ဆရာမကြီးကလည်း ကျွန်ုပ်တို့အား အဖော်သွေးခြင်းဖြစ်၏။) သို့သော် ကိုသိန်းဖေက နေရစ်စေလိုသေးလျှင် ကျွန်ုပ်တို့နေရစ်ကြမည်ဖြစ်ကြောင်း ပြောပြလေ၏။ ကိုသိန်းဖေသည် အလွန်ကျေးဇူးတင်သောမျက်နှာနှင့် ကျွန်ုပ်အားမော့ကြည့်၍ ကျွန်ုပ်၏လက်ကိုဖျစ်ညှစ်ကာ "ခွဲရမှာတော့ လွမ်းတယ်ဗျာ၊ ဒီတစ်ခါနောက်ဆုံးခွဲခွာခြင်းလို့ ကျုပ်ထင်တာပဲ၊ ကျုပ်တို့က ကျွေးထားနိုင်တဲ့သတ္တိရှိရင်တော့ ခင်ဗျားတို့ကို အတင်းတားမှာပဲ၊ ခင်ဗျားတို့ ကျုပ်တို့ တစ်သက်လုံးသုံးဖြုန်းပစ်ခဲ့ကြတာတွေ ဒီတစ်ချက်တော့ နာတယ်ဗျာ၊ ကိုင်း ဒီဘဝမှာ မတွေ့ကြရင် နောက်ဘဝပေါ့ဗျာ"ဟု နှုတ်ဆက်လေရာ သေရမည်ထင်သည့် ကိုသိန်းဖေထက် ကျွန်ုပ်က ပို၍ မျက်ရည်ကျမိပါသည်။ ကျွန်ုပ်က "ကျုပ်တို့လို မိုက်တဲ့လူတွေကို ခင်ဗျားတို့ဘုရားသခင်က စောစောကြီးခေါ်မှာ မဟုတ်ပါဘူးဗျာ၊ လိမ္မာဖို့ အချိန်ပေးဦးမှာပါ" ဟု မချိသွားဖြဲ ပြုံးရယ်ကာ ပြောရသော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ကား သူပြောသည့်အတိုင်း နောက်ဆုံးအကြိမ် ခွဲခွာခြင်းဖြစ်သည်ဟူ၍ပင် မှတ်ယူလျက်ရှိ၏။ စင်စစ်သော်ကား သူရော ကျွန်ုပ်ပါ တွေးထင်ကြသည့်အတိုင်းပင် မှန်ပါလေတော့သည်။ သို့ရာတွင် ကျွန်ုပ်တို့ထင်သလောက်ကား မမြန်။ ခွဲခွာကြသည့်နောက် ရှစ်လခန့်ကြာသောအခါမှ ကိုသိန်းဖေ ကွယ်လွန်ရှာလေသည်။

## သေစေတော့ဟု ဆုံးဖြတ်ခြင်း

ဆရာမ ညီအစ်မနှစ်ယောက်နှင့် ကျွန်ုပ်တို့လင်မယားသည် ကသာမှ မန္တလေးသို့ သင်္ဘောတစ်စင်းထွက်ခွာမည်ကြားသည်နှင့် တစ်ညနေတွင် ဇရစ်ချောင်ရွာမှ ထွက်ခွာလာကြရာ နေရစ်သူများရော ထွက်ခွာသူများပါ စိတ်ထိခိုက်လှသည်။ ယခင်က အကြိမ်ကြိမ် ခွဲခွာခဲ့ကြဖူးသော်လည်း ဤလောက်မရှိကြ။ ခေတ်ပျက်ကြီးဖြစ်သည်နှင့် နောက်တစ်ကြိမ်တွေ့ကောင်းမှ တွေ့ကြရတော့မည်ဟူသောအထင်သည် အားလုံးတွင် ကပ်ရောက်လျက်ရှိ၏။ ဆင်းရဲဖော်ဆင်းရဲဖက်များဟူ၍လည်း တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ခင်ကြင်နာလျက်ရှိကြသည်။ ဆိပ်ကမ်းသို့ရောက်၍ အသင့်ဆိုက်ကပ်လျက်ရှိသော သင်္ဘောပေါ်သို့ ပစ္စည်းလေးများကိုတင်၍ နေထားတကျရှိသည်နှင့်တစ်ပြိုင်နက် လူတွေ လှုပ်လှုပ်ရွရွဖြစ်လာကြ၏။ အကြောင်းမူကား အင်္ဂလိပ်လေယာဉ်ပျံတစ်စင်းသည် အထက်ကောင်းကင်၌ ကသာဘက်သို့ ပျံဝဲလာခြင်းကို မြင်ကြရသောကြောင့်ပေတည်း။ ဤတွင် သင်္ဘောနှင့်အပြည့်ရှိသော ခရီးသည်များသည် သင်္ဘောမှဆင်း၍ ခြေဦးတည့်ရာ ပြေးကြလေရာ ဆရာမညီအစ်မနှင့် ကျွန်ုပ်တို့လင်မယားမှာ တကွဲစီဖြစ်သွားကြလေ၏။ သူတို့ ဘယ်ဆီသို့ရောက်သည်မသိ။ ကျွန်ုပ်တို့က လမ်းတစ်လမ်းအောက်၌ တူးဖော်ထားသည့် ရေမြောင်းတစ်ခုအနီးသို့ ရောက်သွားကြ၏။ မစိုးခမျာမှာ (ဗုံးကျင်းအားကိုးမရှိသောကြောင့်) အလွန်ထိတ်လန့်၍ မျက်နှာကလေးအလွန်ငယ်စွာနှင့် ရေမြောင်းထဲသို့ဆင်းပြီး လမ်းအောက်သို့ရောက်အောင် တိုးဝင်သွားလေရာ ကျွန်ုပ်မူကား မြောင်းထဲသို့ဆင်းသော်လည်း လမ်းအောက်သို့လျှိုး၍မဝင်ဘဲ လေယာဉ်ပျံကို မော့ကြည့်လျက်ရှိ၏၊

> **"ကျွန်ုပ်စဉ်းစားမိသည်မှာကား အင်္ဂလိပ်များသည် ကျွန်ုပ်တို့ကို ပစ်ပြေးပြီး ပြန်ဝင်ရန်ကြိုးစားရာတွင် ကျွန်ုပ်တို့မှန်းသိလျက်နှင့် သင်္ဘောကို ဗုံးကြဲဦးမည်ဆိုလျှင် သင်းတို့ထက်ရက်စက်မိုက်မဲသောလူမရှိ။ သူတို့၏စာအုပ်များကို ဖတ်ခြင်းအားဖြင့် ကျွန်ုပ်သိရသလောက်မှာ ဤလူမျိုးသည် တခြားလူမျိုးများနည်းတူ လောဘရှိသော်လည်း အဓိပ္ပာယ်မရှိသော ရက်စက်မှုမျိုးကို မလုပ်တန်ရာ. . ."**

ကျွန်ုပ်စဉ်းစားမိသည်မှာကား အင်္ဂလိပ်များသည် ကျွန်ုပ်တို့ကို ပစ်ပြေးပြီး ပြန်ဝင်ရန်ကြိုးစားရာတွင် ကျွန်ုပ်တို့မှန်းသိလျက်နှင့် သင်္ဘောကို ဗုံးကြဲဦးမည်ဆိုလျှင် သင်းတို့ထက် ရက်စက်မိုက်မဲသောလူမရှိ။ သူတို့၏စာအုပ်များကို ဖတ်ခြင်းအားဖြင့် ကျွန်ုပ်သိရသလောက်မှာ ဤလူမျိုးသည် တခြားလူမျိုးများနည်းတူ လောဘရှိသော်လည်း အဓိပ္ပာယ်မရှိသောရက်စက်မှုမျိုးကို မလုပ်တန်ရာ။ အကယ်၍ လူတွေကို ဗုံးကြဲပြီး မြန်မာပြည်ကို သင်းတို့ပြန်ယူရမည်ဆိုလျှင်လည်း သင်းတို့လက်အောက်ခံဖြစ်ရခြင်းထက် သင်းတို့လက်ချက်နှင့်ပင် သေပါလေစေတော့ဟုဆိုကာ လမ်းအောက်သို့လျှိုးမဝင်ဘဲ မြောင်းထဲမှပင် မော့ကြည့်နေ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် လေယာဉ်ပျံသည် သင်္ဘောကိုဗုံးမကြဲဘဲ တောင်ဘက်သို့ ပျံသွားပါတော့သည်။ ကျွန်ုပ်သည် သေရမည်ကို မကြောက်သည်မဟုတ်။ ရဲစွမ်းသတ္တိရှိသည်ဟူ၍လည်း မဆိုလို။ ကျွန်ုပ်၏တွက်ကိန်းအရ ပြုလုပ်ခြင်းမျှသာ ဖြစ်ပါသည်။

## ညှိုးငယ်သောကာလအပိုင်း

သင်္ဘောစုန်လာသောအခါ၌လည်း ခရီးသည်များသည် စိတ်ချသည့်လက္ခဏာမရှိဘဲ ကောင်းကင်သို့ တမော့မော့နှင့်ကြည့်သူများက ကြည့်ရှာ၏။ သို့ရာတွင် ဗုံးကြဲချခြင်းမခံကြရဘဲ ချောမောစွာပင် ဆိုက်ရောက်လာကြ၏။ မန္တလေးမြို့မှာ အိမ်ခြေတစ်ဝက်ခန့်လောက် လူမနေဘဲ ဟောင်းလောင်းရှိနေခြင်းကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ဂုန္တန်ရပ်ကွက်၌ရှိသော ကျွန်ုပ်၏ယောက်ဖနှင့် တူမကလေးများ၏အိမ်သို့ လှည်းတစ်စီးနှင့်သွားကြလေရာ (ကျွန်ုပ်၏နှမကွယ်လွန်သည်မှာကား ၁၃ နှစ်ခန့်ရှိလေပြီ) ရောက်သောအခါ၌ အဆင်သင့်တွေ့ရ၍ နှစ်ဖက်စလုံးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ကျွန်ုပ်၏စိတ်ကူးမှာ ၎င်းတို့၏အိမ်တွင် တစ်ရက်နှစ်ရက်တည်းခိုကာ နှုတ်ဆက်ကြပြီးနောက် ရန်ကုန်သို့ ဆက်လက်သွားရောက်ကြရန်ဖြစ်လေသည်။ ၎င်းတို့နေထိုင်လျက်ရှိသော ဂုန္တန်ရပ်ကွက်မှာ လူရှိသောအိမ်များထက် လူမရှိသောအိမ်များက များသည်နှင့် ခြောက်ကပ်ကပ်ဖြစ်နေပြီး သူတို့အားလုံး မျက်နှာကလေးတွေငယ်ငယ်နှင့် ဖြစ်နေကြသည်ကို တွေ့ရ၏။ ကျွန်ုပ်၏ယောက်ဖက ရန်ကုန်သို့ ကျွန်ုပ်တို့ရောက်ဖို့ အရေးတကြီးမလိုသေးလျှင် တူကလေး၊ တူမကလေးများနှင့်အတူ နေထိုင်စားသောက်ပါဦးဟု တားလေသည်။ ကျွန်ုပ်သည် ယောက်ဖ၏ တားဆီးဖိတ်ခေါ်ခြင်းထက် တူမကလေးများ၏ အားငယ်ပုံရခြင်းအတွက် ညှာတာသည်ဖြစ်၍ ရုတ်တရက်မသွားသေးဘဲ အတူနေဖို့ကတိပေးလိုက်ပါသည်။ ဤသို့ဖြင့် တစ်လခန့်ကြာရှိသောအခါ ယောက်ဖ၏သား (ကျွန်ုပ်၏တူ) ဝင်းမောင်သည် သားမယားများနှင့်တကွ ရောက်လာ၍ ဤအိမ်၌ နေထိုင်ကြလေရာ ယောက်ဖသည် အားကိုးရာရလာသည့်လက္ခဏာနှင့် ကျွန်ုပ်တို့လင်မယားအား ယခင်ကဲ့သို့ တန်ဖိုးထားဟန်မရှိချေ။ ဤကိစ္စမျိုးတွင် ကျွန်ုပ်သည် တခြားလူများကဲ့သို့ အမှတ်တမဲ့မနေတတ်ဘဲ အရိပ်အကဲကို ချက်ချင်းသိတတ်သူဖြစ်၏။ ဤအတောအတွင်း ဂုန္တန်ရပ်ကွက်မှ လူများသည် ဘာကိုထပ်လောင်း၍ လန့်ကြပြန်သည်မသိ။ အရပ်ထဲမှ ထွက်ပြေးကြပြန်ရာ ယောက်ဖသည် အရှေ့အင်္ဂန်းတိုက်သို့ အားလုံးပြောင်းရွှေ့ကြဖို့ ဆုံးဖြတ်၏။ သို့ရာတွင် သူ့တိုက်တွင် လူစောင့်ရှိစေလိုသည်ဆိုသဖြင့် ဝင်းမောင်နှင့် ကျွန်ုပ်တို့က ဒရဝမ်လုပ်ကြ၏။ အမှန်မှာ ကျွန်ုပ်အား ခိုင်းဝံ့သည်မဟုတ်။ ကျွန်ုပ်ကပင် လောကဝတ်ချော်မိခြင်းဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်နှင့် တူ မောင်ဝင်းမောင်သည် ဂုန္တန်ရပ်ကွက်တွင် ညအိပ်၍ အရှေ့ပြင်သို့ စက်ဘီးတစ်စီးစီနှင့် သွားပြီး ထမင်းစားကြရ၏။ ရက်သတ္တပတ်ခန့်ကြာသော် ရန်ကုန်သူရိယတိုက်မှ ဦးဘကလေးက လူကြုံနှင့်ပေးလိုက်သော စာတစ်စောင်ရောက်လာရာ ယင်းစာတွင် ရန်ကုန်သို့ ချက်ချင်းဆင်းခဲ့စေလိုကြောင်း ပါရှိလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့လင်မယားသည် ရန်ကုန်သို့သွားကြဖို့ ပြင်ဆင်ကြလေ၏။ ကျွန်ုပ်၏ တစ်သက်တာတွင် သူတစ်ပါး၏ထမင်းကို မှီခိုစားသောက်ရခြင်းနှင့် ပတ်သက်၍ မျက်နှာငယ်လှသည့် ပထမအကြိမ်ပေတည်း။ ကိုသိန်းဖေ၏အိမ်၌ (ဖော်ပြခဲ့ပြီးသည့်အတိုင်း) နေခဲ့ဖူးသော်လည်း ယောက်ဖ၏ အိမ်မှာကဲ့သို့မဟုတ်ဘဲ ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ ကျွန်ုပ်ကား ဆွေမျိုးအကျိုးပေးသူတစ်ယောက်မဟုတ်။ တကယ်ခင်မင်ရင်းနှီးသောမိတ်ဆွေမူကား တခြားသူများထက် ပေါ်များခဲ့ဖူးသည် ထင်ပါသည်။

## သူခိုးဘဝ

ဤနေရာ၌ ကျွန်ုပ်တို့၏ဘဏ္ဍာရေးအခြေအနေကို ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်တို့သည် ကိုသိန်းဖေတို့နှင့်အတူ ငါးလကျော်မျှ နေထိုင်ခဲ့ရစဉ် သူတို့၏ထမင်းကို လုံးဝစားနေခဲ့ရသော်လည်း ရှိသမျှပိုက်ဆံကလေးကို ကျစ်ကျစ်ပါအောင်ထုပ်ထားချင်သော ဝါသနာမရှိသည့်အလျောက် တိုလီမိုလီကိစ္စလေးများအတွက် ရှိသမျှကလေးကို ထုတ်၍ သုံးခဲ့သည့်အပြင် အဝတ်အစားများအနက်မှလည်း တစ်ထည်တလေကို ဝယ်လိုသူရှိလျှင် (တချို့ကလည်း ရောင်းပါတော့ဟု ဆိုသည်။) ရောင်းချသုံးစွဲသည်နှင့် ဂျပန်များဝင်လာကြသည့်အချိန်တွင် ပိုက်ဆံမကပ်သလောက် ပြောင်လျက်ရှိလေပြီ။ ကသာမြို့ကို ဒုတိယအကြိမ် ဗုံးကြဲသောနေ့နှင့် ဂျပန်များဝင်မလာကြမီ တရုတ်များအုပ်ချုပ်နေသည့်အချိန်အတောအတွင်း တစ်နေ့သ၌ ဇရစ်ချောင်သို့ ကသာမြို့ထဲမှ ပြောင်းလာကြသည့် အိမ်ထောင်များအနက်တွင် ကျောင်းသားလေးတစ်ယောက်ပါလာရာ ထိုသူငယ်က "လာပါ ဦးလေး၊ မြို့ထဲလျှောက်ကြည့်ချေရအောင်"ဟု ခေါ်သည်နှင့် နှစ်ယောက်သားထွက်လာကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော



ထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှု

**သထုံ ဇွန် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၄ ရက်က ပေါ်တော်မူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး စသည့် လူငယ်များဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ့

# PDF အမည်ခံအဖွဲ့ဝင် ၁၉ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်၊ ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော ဒေသအသီးသီးမှ PDFသင်တန်းဆင်း ၁၉ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်သည်။

အဆိုပါလွှဲပြောင်းအပ်နှံပွဲသို့ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် ၁ ဦး ယူဆောင်လာသည့် MA-2 အမျိုးအစားသေနတ်(၁)လက်၊ ၎င်းကျည် ၅၀ တောင့်နှင့် ကျည်အိမ် ၂ ခုတို့ကိုအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ် သိန်း(၅၀)နှင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်



မန္တလေးတပ်နယ်မှတာဝန်ရှိသူတစ်ဦးက လက်နက်/ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသည့် ဒေသအသီးသီးမှ PDF သင်တန်းဆင်း ၁၉ ဦးအား နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားစဉ်။

လာသူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၁ ဦး၊ ချမ်းအေးသာစံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦး၊ ဝက်လက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး ၁ ဦး၊ အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦး၊ အောင်မြေသာစံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး ၁ ဦး၊ မိုးကုတ်မြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ၁ ဦး၊ မတ္တရာမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ၂ ဦး စုစုပေါင်း ၁၉ ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက်ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)



မန္တလေးတပ်နယ်မှတာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင်တစ်ဦးက လက်နက်နှင့်ခဲယမ်းများအပ်နှံစဉ်။



မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများအတွက် ဆုကြေးငွေနှင့်ထောက်ပံ့ငွေများပေးအပ်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Love Knot” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ တောင်ပေါ်တောင်ကျေးရွာနေ သိန်းထိုက်အောင်အား ည ၁၀ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ ဇွန်လ ၂၄ ရက်နေ့တွင် “Tinhtut Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ တင်ထွဋ်ဝင်း (ခ)အွမ်မယ်နှင့် ၎င်း၏ဇနီး စန္ဒာဝင်း(ခ) ဆိုင်နဘီတို့နှစ်ဦးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၉ ဒသမ ၉၅၀၁ ) တန်၊ သစ်မာ (၁ ဒသမ ၆၉၈၆ )တန်၊ အခြား (၁၀ ဒသမ ၀၈၅၇ )တန်၊ စုစုပေါင်း (၂၁ ဒသမ ၇၃၄၄)တန်၊ ယာဉ်/ ယန္တရား (၁၂) စီး၊ တရားခံ(၁၄)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၅

ယနေ့နံနက် ၈ နာရီ ၀၃ မိနစ် ၃၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

## ထူးခြားသည့်နေ့အပူချိန်များ

၂၅-၆-၂၀၂၅

| | | | | | | |
|---|---|---|---|---|---|---|
| ချောက် | ၃၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | | မန္တလေး | ၃၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | | ညောင်လေးပင် | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| | | | | မုံရွာ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | | မြင်းခြံ | ၃၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာ့ဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေး ဖိုရမ်ကျင်းပ



နေပြည်တော် ဇွန် ၂၅

မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒူးရင်းတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေမြေရာသီဥတုတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး ပြည်ပဈေးကွက်အလားအလာရှိသောဒူးရင်းသီးကို လုပ်ငန်းရှင်များနှင့်တောင်သူများ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ရန်ပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေးဖိုရမ်ကို ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသူများက ဒူးရင်းသီးနှံ၏ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသတွင်းနိုင်ငံများ၏စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ပြည်တွင်းဈေးကွက်အခြေအနေနှင့် ပြည်ပဈေးကွက်၏ အနာဂတ်အလားအလာ၊ ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်အခွင့်အလမ်းများ၊ မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဒူးရင်းသီးနှံ အခြေခံထုတ်ကုန်များ ထုတ်လုပ်နေမှု၊ ဒူးရင်းသီးနှံနှင့်သက်ဆိုင်သည့် အသေးစား၊အငယ်စားနှင့်အလတ်စား MSMEs လုပ်ငန်းများ၏ လက်ရှိဆောင်ရွက်နေမှုနှင့်အခွင့်အလမ်းကောင်းများကို ကဏ္ဍအလိုက်ဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒူးရင်းမျိုးများမှ အနံ့အရသာကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သော ဒူးရင်းမျိုးကို ရွေးချယ်ဖော်ထုတ်နိုင်ရန်၊ အရည်အသွေးကောင်း ဒေသမျိုးများကို ပြည်တွင်းစားသုံးသူဈေးကွက်နှင့် ပြည်ပဈေးကွက်သို့ မိတ်ဆက်ပေးနိုင်ရန်၊ ဒူးရင်းသီးနှံကို စနစ်တကျတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရန်၊ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်သို့ အရည်အသွေးမြင့် မြန်မာပို့ကုန်တစ်ခုအဖြစ် တိုးတက်တင်ပို့ရောင်းချနိုင်ရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၅

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနားကို ဇွန်လ ၂၄ ရက် ဒေသစံတော်ချိန် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိအပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းရုံး၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း အထူးကိုယ်စားလှယ်နှင့်ညွှန်ကြားရေးမှူး စင်သီယာဆမ်မြူအယ်လ်-အိုလွန်ဂျူဝမ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကုလသမဂ္ဂဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးဌာနခွဲ၏ အဆင့်မြင့်အရာရှိ အမ်ဆန်စီဘန်ဒါ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့်ရဝမ်ဒါသမ္မတနိုင်ငံတို့၏ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့်ဆန်းသစ်တီထွင်မှုတို့၏ ပဲ့ကိုင်သူများအဖြစ် MSMEs ၏ အခန်းကဏ္ဍကိုမြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့်ကျင်းပရာ ကုလသမဂ္ဂ၏ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့အကြီးအကဲ ဂျွမ်ဂျိုးစ်မာတီနက်ဘာဒီလိုက ဦးဆောင်၍ MSMEs ကိုယ်စားလှယ်များ၊ မူဝါဒနှင့် အစိုးရပိုင်းဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွားရေးရာအထောက်အကူပြုအဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025)ကို ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးအခြေအနေအပြောင်းအလဲများအကြား ကျယ်ပြန့်သည့်ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုများကို မြှင့်တင်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည်အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ်မီးမောင်းထိုးပြရန်၊ ငွေကြေး၊ မူဝါဒဆိုင်ရာအထောက်အပံ့နှင့် တိုးတက်ဖြစ်ထွန်းရန်လိုအပ်သည့် ကဏ္ဍများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ လက်တွေ့ကျသော အတွေးအခေါ်များကို ဖော်ထုတ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဦးစားပေးလိုအပ်ချက်များကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် ထည့်သွင်းရေးဆွဲရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိစက်မှုဇုန်ရှိ မြန်မာနယူးပါဝါ ကုမ္ပဏီလီမိတက်၏ မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်တော်ဆိုင်ကယ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် နည်းပညာများလွှဲပြောင်းရရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်နှင့် အပိုပစ္စည်းများလွယ်လင့်တကူဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



## (၂၅-၆-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး ကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဇွန် ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးကိစ္စရပ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
Black Coffee
NAN M
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
Gift Card ပေးခြင်း
ဈေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း
Myanmar MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီတော်တွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအားဖယ်ရှားရှင်းလင်းပြီး သန့်ရှင်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်းအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊မေတ္တာကန်နှင့်လေးကျွန်းမာရ်အောင်မြတ်စွာဘုရားတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပရိဝုဏ်များအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မဟာစေတီလှစေတီကြီးအား အသစ်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ ဥမင်ကိုးဆယ်ဘုရားရှိ သီတဂူရေပေးဝေရေးရေလှောင်ကန်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တောလေးထပ်ကျောင်းတိုက်၌ သာသနိကအဆောက်အအုံအပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုနှင့် ဇေတဝန်ဘုရားပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံအပျက်အစီးများအား အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများနေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်းအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှု၊ မဟာအောင်မြေမြို့နယ်၊ ဒေဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းဆောင်တော်ကြီးရှိစူဠာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်ပြန်လည်ပြုပြင်ခြင်း၊ ရုပ်ရှင်တော်မြတ်ကြီး၏အပေါ်ရှိမျက်နှာကြက်အမိုးအား အပေါ်သို့မြှင့်တင်ခြင်းနှင့် ခေတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





**ပျောက်ဆုံးကြောင်း**
ဦးပဏ္ဍိတ(ဘ)ဦးခင် ၁၀/မဒန(သ)၀၀၂၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၇၂၇၅၃၅

**ပျောက်ဆုံးကြောင်း**
စိုးစိုးခိုင်(ဘ)ဦးစံသိန်း ၉/ကပတ(နိုင်) ၂၂၁၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၉၈၁၇၂၈၈

**ပျောက်ဆုံးကြောင်း**
မြင့်နိုင်(ဘ)ဦးသန်းရွှေ ၁၂/ဒလန(နိုင်) ၀၄၆၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၀၃၃၂၂

**ပျောက်ဆုံးကြောင်း**
နေလင်း(ဘ)ဦးမောင်ထား ၁၂/ကမရ(နိုင်) ၀၅၂၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၃၂၅၇၀၁

**ပျောက်ဆုံးကြောင်း**
ဦးဝင်းထွန်း(ဘ)ဦးမြလှိုင် ၁၄/ဒဒရ(နိုင်) ၁၁၃၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၁၁၅၄၉၅

**ပျောက်ဆုံးကြောင်း**
ကိုကိုနိုင်(ဘ)ဦးအုန်းဖေ ၁၂/ဗတထ(နိုင်) ၀၁၈၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၁၁၉၉၈၂

**ပျောက်ဆုံးကြောင်း**
ကျန်ရှင်ပွက်(ဘ)ဦးကျန်ပီချန် ၁၃/နခန(နိုင်) ၀၉၇၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၇၃၂၁၂၉

**ပျောက်ဆုံးကြောင်း**
ဥာဏ်ဝင်း(ဘ)ဦးအောင်စိန် ၅/ကလတ(နိုင်) ၀၈၂၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၀၀၀၉၁၃

**ဖခင်အမည်မှန်**
ပုသိမ်မြို့နယ်၊ အ.ထ.က(ကြက်ပေါင်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-11 တွင်ပညာသင်ကြားနေသောကျောင်းဝင်အမှတ်-၀၉၈၇ မလွဲ့ရွှေစင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဇော်နိုင် ၁၄/ပသန(နိုင်)၂၁၃၄၆၉ ဖြစ်ပါကြောင်း။
ဦးအောင်ဇော်နိုင်

**ပျောက်ဆုံးကြောင်း**
လှလှဝင်း(ဘ)ဦးထွန်းကြည် ၁၂/ဗဟန(နိုင်) ၀၅၈၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၃၀၂၄၉၂

**ပျောက်ဆုံးကြောင်း**
ဇော်လင်းလင်း(ဘ)ဦးအဗ္ဗဒူကာဆင် ၁/ဗမန(နိုင်)၀၆၅၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၆၉၉၂၇၁

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်မြေရိပ်သာကျေးရွာအုပ်စု၊ နယ်မြေ(၆)ဒရောက်ကူးကျေးရွာနေ ထွန်းအေး(ဘ)ဦးကျော်ခင် ၉/တကန(နိုင်)၁၈၇၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၉၇၅၂၁၃

**ပျောက်ဆုံးကြောင်း**
ညောင်လမ်ကျိန်(ဘ)ဦးထန်ရှင်းဒါလ် ၄/တတန(နိုင်)၀၆၀၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၅၀၆၇၀၄

**ပျောက်ဆုံးကြောင်း**
ဘိုသန်း(ဘ)ဦးညိုကြီး ၁၂/အစန(နိုင်) ၀၄၇၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၈၀၇၀၈၀

**ပျောက်ဆုံးကြောင်း**
နန်းဆုလာဘ်ရတနာ(ဘ)ဦးမျိုးသက်ဦး ၁၂/ဒဂန(နိုင်)၀၃၈၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၁၇၅၁၃၂

**ပျောက်ဆုံးကြောင်း**
ငွေငွေ(ဘ)ဦးသိန်းမောင် ၁၂/အစန(နိုင်) ၀၁၅၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၉၂၃၅

**ပျောက်ဆုံးကြောင်း**
ချိုချိုဆန်း(ဘ)ဦးတုန ၁၂/ဥကမ(နိုင်)၀၀၂၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၁၂၇၂၃၄

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗညားဒလလမ်းနေ မောင်ထူးအောင်ရှိန်(ဘ)ဦးတင်အေး ၃/မဝတ(နိုင်) ၀၅၈၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၅၂၈၂၈၀

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ ဒေါ်ဘောမ်ဝမ်(ဘ)ဦးယော်ဘောမ် ၁/မကန(နိုင်)၁၂၉၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၂၆၆၅၃

**ပျောက်ဆုံးကြောင်း**
ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ သပြေကန်(၂)လမ်း၊ အမှတ်(၄၅)နေ ဒေါ်မီမီဟန်(ဘ)ဦးကျော်ဆွေ ၆/မမန(နိုင်)၁၁၇၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 122901)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၀၆၄၇၃၈

**ပျောက်ဆုံးကြောင်း**
ကျောက်ထုမြို့၊ ကျောက်ပျဉ်းရွာနေ စည်သူလင်း(ဘ)ဦးလင်းအောင် ၈/ကထန(နိုင်)၀၀၆၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျိုက်ထိုမြို့၊ ဖက္ကလိပ်ကျေးရွာနေ မောင်ဇင်သူထိုက်(ဘ)ဦးမောင်ကြီး ၁၀/သထန(နိုင်)၁၀၂၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 738359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၇၃၁၈၆၉

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်(ရုံးချုပ်)၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့တွင် အသုံးပြုလျက်ရှိသော CBM/G–17R(Lot1): Hardware Requirement for Accounting System ရှိ (Server & Storage)များအတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် နည်းပညာအထောက်အကူပေးခြင်းဝန်ဆောင်မှု(System Maintenance & Technical Support Service)လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၂၄-၆-၂၀၂၅) ရက်နေ့မှ (၃၀-၆-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၃-၇-၂၀၂၅)ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁ % အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ (တင်ဒါအာမခံအား ငွေသား(သို့မဟုတ်)PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀ နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ABT ASSOCIATES, INC.(MYANMAR BRANCH OFFICE)
## Notice of Appointment of Liquidator of the Company (Oversea Corporation Branch Office Ceasing to Carry on Business in Union)

At the Extraordinary General Meeting of Directors and Shareholders of the company held on (25–APR–2025)the special resolution that oversea corporation branch office was ceasing to carry on business in union (Myanmar) and U THEIN HLAING TUN (Advocate) (MAIP No.00232)was appointed as a liquidator was passed on Extraordinary General Meeting Resolution.

All of the creditor (If any) of the company are requires to contact the liquidator before (26–JUL–2025)with detailed particulars of their claim attached with complete supporting documents. The company shall not take any responsibility for or settle debts that are claimed and submitted after such date.

**U THEIN HLAING TUN (Advocate) (MAIP No.00232)**
**Liquidator (PAI Consultant Service)**

**Liquidator Office: No.6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar. PAI Consultant Service(Phone:09422217514, 09774788846)**

## "GARMANIT ZAYYA SERVICES COMPANY LIMITED"
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ "GARMANIT ZAYYA SERVICES COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၅ ခုနှစ်၊ ဇွန်လ၊ (၂၃)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

WAUNG KYONE PAIN @ ZAW MYINT
MANAGING DIRECTOR
GAMANIT ZAYYA SERVICES CO.,LTD.

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတို့တွင် လုပ်ငန်း(၉)ခု၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်း(၁)ခုနှင့် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ လုပ်ငန်း(၁၇)ခု စုစုပေါင်းလုပ်ငန်း(၂၇)ခု တို့အား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ - (၂၅-၆-၂၀၂၅)
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၈-၇-၂၀၂၅)
ညနေ(၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက သက်ဆိုင်ရာဗဟိုအဆင့်ဆေးရုံကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး(လမ်း ၇၀၊ ၂၇ x ၂၈ ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ ၆၇ယ/၅၄၉၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပိုင်ဦး ၁၀/သထန(နိုင်)၂၆၇၀၁၆ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးမိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ပျောက်ဆုံးကြောင်း

အိသန္တာထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၀/မလမ(နိုင်)၂၄၉၉၀၂ ကိုင်ဆောင်သူပိုင်ဆိုင်သည့် ယာဉ်မောင်းလိုင်စင်/ယာဉ်အမှတ် ၇၄/ယ/၉၆၇၃၁ ၏ ယာဉ်မှတ်ပုံတင်/ဗီးတက်/ယာဉ်မောင်းလိုင်စင်/ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

### အမည်ပြောင်း
မော်လမြိုင်မြို့၊ အ.ထ.က(၆) Grade-12(B)မှ အဘ ဦးပြည်ထွန်း ၁၀/မလမ(နိုင်)၁၄၀၈၄၅၊ အမိ ဒေါ်ငြိမ်းငြိမ်းအိထွန်း ၁၀/မဒန(နိုင်)၁၄၃၉၁၉ တို့၏ သမီး မချမ်းသူလင်း ၁၀/မလမ(နိုင်)၂၈၂၄၉၄ အား မချမ်းသူသူစံဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မချမ်းသူသူစံ**

### ပျောက်ဆုံးကြောင်း
လောက်ကိုင်မြို့နေ မချိန်ရှင်းရွယ်(ဘ)ဦးချိန်လိကျွင်း ၁၃/လကန(နိုင်)၀၁၁၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
လောက်ကိုင်မြို့နေ လျူတင်ရှ(ဘ)ဦးလျူတယ်ရှုတ်(ခ)အောင်ဝင်း ၁၃/လကန(နိုင်)၀၀၄၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
မေမြို့လင်း(ဘ)ဦးထွန်းနိုင်ဦး ၈/မလန(နိုင်) ၁၃၃၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 954767)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၄၆၆၄၉၀**

### ပျောက်ဆုံးကြောင်း
လှဲ့လှဲ့ဝင်း(ဘ)ဦးလှဝင်း ၇/သဝတ(နိုင်) ၀၈၀၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 165184)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၉၄၇၅၇၉၈**

### ပျောက်ဆုံးကြောင်း
ထွန်းမိုးခိုင်(ဘ)ဦးစံကျော် ၁၂/ကခက(နိုင်) ၀၆၆၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မိုးသွယ်ခိုင်(ဘ)ဦးအောင်မြင့် ၁၄/ဇလန(နိုင်) ၁၀၉၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ခင်ဝင်းမောင်(ဘ)ဦးလှငွေ ၈/ခမန(နိုင်) ၁၆၀၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 747587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၀၂၆၀၄၉၅**

### ပျောက်ဆုံးကြောင်း
အောင်စိုးမိုး(ဘ)ဦးညဏ်မာ ၈/ခမန(နိုင်) ၂၀၈၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဖြူဖြူစန်း(ဘ)ဦးအေးဝင်း ၁၂/သကတ(နိုင်) ၂၁၆၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 313879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ခင်ဝေမာစိုး(ဘ)ဦးကြည်စိုး ၁၂/အစန(နိုင်) ၀၀၀၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၃၄၈၁၇**

### ပျောက်ဆုံးကြောင်း
သန်းသန်းဆင့်(ဘ)ဦးရှုပ ၁၀/မလမ(နိုင်) ၀၁၁၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၃၈၆၅၂၀**

### ပျောက်ဆုံးကြောင်း
မင်းသက်ပိုင်(ဘ)ဦးမျိုးဝင်း ၅/ခတန(နိုင်) ၀၃၃၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သက်သက်ထွေး(ဘ)ဦးညဏ်တင် ၂/ဒမဆ(နိုင်)၀၅၉၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
လှလှဝေ(ဘ)ဦးချို ၇/သဝတ(နိုင်)၀၇၂၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
သန္တာမြင့်(ဘ)ဦးဘိုးမြင့် ၈/ပဖန(နိုင်)၁၂၆၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၁၁၇၉၈**

### ပျောက်ဆုံးကြောင်း
မိုးလှိုင်(ဘ)ဦးမင်းဆွေ ၉/မခန(နိုင်)၂၉၄၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 763304)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၆၇၈၀၇၂၇**

### ပျောက်ဆုံးကြောင်း
အိခိုင်ဖြိုး(ဘ)ဦးအောင်ကျော်မိုး ၁၂/သကတ(နိုင်)၂၁၀၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၃၅၁၃၅၉၅**

### ပျောက်ဆုံးကြောင်း
ဖြိုးနန္ဒာအေး(ဘ)ဦးမြင့်ဦး ၉/စကန(နိုင်) ၁၀၀၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 112766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၂၆၅၉၄၉၄**

### ပျောက်ဆုံးကြောင်း
အောင်မျိုးကိုဦး(ဘ)ဦးအောင်ကျော်ဦး ၁၀/မဒန(နိုင်)၂၂၇၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၁၀၈၃၀၁၁**

### ပျောက်ဆုံးကြောင်း
မူမူသန်း(ဘ)ဦးလူဝကြီး ၁၂/သလန(နိုင်) ၀၉၉၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၄၉၉၁၈၁**

### အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက ဟိုင်းကြီး၊ Grade-10(B) မှ အဘ ဦးအောင်ဆန်းငွေ ၏သမီး မကာကာချို၏အမည်မှန်မှာ မခိုင်ထက်စံ ဖြစ်ပါကြောင်း။
**မခိုင်ထက်စံ**

### အမည်ပြောင်း
အဘ ဦးဝင်းငွေ၏သမီး ဘီးလင်းမြို့၊ အ.မ.က(တာလမ်း)ကျောင်း၊ (K.G)တန်းမှ မမြတ်ဖူးငုံအား မနှင်းကြည်ဖြူထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မနှင်းကြည်ဖြူထက်**

### အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက ဟိုင်းကြီး၊ Grade-2(A) မှ အဘ ဦးဇော်ဇော်အောင်၏သား မောင်မင်းရဲထက်၏အမည်မှန်မှာ မောင်လင်းဖုန်းပြည့်ဦး ဖြစ်ပါကြောင်း။
**မောင်လင်းဖုန်းပြည့်ဦး**

### ပျောက်ဆုံးကြောင်း
မင်းသူအောင်(ဘ)ဦးစိုးလွင် ၉/ရမသ(နိုင်) ၁၃၆၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက ဟိုင်းကြီး၊ Grade-3(B) မှ အဘ ဦးသစ်လွင်အောင်၏သမီး မမှူးဆက်ပန်၏အမည်မှန်မှာ မမေကာရုံသစ် ဖြစ်ပါကြောင်း။
**မမေကာရုံသစ်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အထက(၆)ပုသိမ်၊ Grade-12 မှ မမီးမီးခဲ၏ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၄/ငပတ(နိုင်)၁၈၂၄၅၈ ဖြစ်ပါကြောင်း။
**ဦးတင်ဝင်း**

### ပျောက်ဆုံးကြောင်း
သန်းဇော်ဦး(ဘ)ဦးတင်သန်း ၁၂/မဘန(နိုင်) ၀၉၄၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၄၉၉၇၂၅၉**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက(ခွဲ)မဲခရဲ၊ Grade-6 မှ မောင်မြတ်ဘုန်းပြည့်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၁၄/ငပတ(နိုင်)၁၇၂၆၅၉ ဖြစ်ပါကြောင်း။
**ဦးမင်းနိုင်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထကဟိုင်းကြီး၊ Grade-12(A) မှ မောင်ရဝေဘုန်းလျှံ၏ဖခင်အမည်မှန်မှာ ဦးဇင်မျိုးအောင် ၁၄/ဟကက(နိုင်)၀၁၂၉၁၀ ဖြစ်ပါကြောင်း။
**ဦးဇင်မျိုးအောင်**

### ပျောက်ဆုံးကြောင်း
စိုးသူသူဝင်း(ဘ)ဦးညီဝင်းဟန် ၁၄/ဟကက(နိုင်)၀၁၃၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၃၃၈၆၁၅၀**

### ပျောက်ဆုံးကြောင်း
သင်းသင်းဦး(ဘ)ဦးလှကြီး ၁၄/ငပတ(နိုင်) ၂၀၁၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၈၁၁၉၅၀**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက ငပုတော၊ Grade-10(D) မှ မသဲနုဝေ၏ဖခင်အမည်မှန်မှာ ဦးလင်းလင်း ၁၄/ငပတ(နိုင်)၂၁၈၂၅၅ ဖြစ်ပါကြောင်း။
**ဦးလင်းလင်း**

### အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထကဟိုင်းကြီး၊ Grade-11(B) မှ အဘ ဦးနိုင်နိုင်ထွန်း၏သား မောင်ခန့်တည်ငြိမ်၏အမည်မှန်မှာ မောင်ခန့်တည်ညီမ် ဖြစ်ပါကြောင်း။
**မောင်ခန့်တည်ညီမ်**

### ပျောက်ဆုံးကြောင်း
နော်မေမီစိုး(ဘ)ဦးသိုင်ဇီးနို ၃/လသန(နိုင်) ၀၀၄၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၈၁၁၇၁၇**

### ပျောက်ဆုံးကြောင်း
ရဲမာန်အောင်(ဘ)ဦးလင်းဦး ၁၄/လပတ(နိုင်) ၂၈၃၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဆလိုင်းနေမျိုးအောင်(ဘ)ဦးဘိုနီ ၈/ဆပဝ(နိုင်)၁၃၃၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကျင်ရှုံး(ဘ)ဦးလောက်အယ် ၁၃/လရန(နိုင်) ၂၂၈၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဇော်မင်းထိုက်(ဘ)ဦးတင်ဖေ ၅/ပလန(နိုင်) ၁၅၃၂၅၃ ကိုင်ဆောင်သူ၏ OWIC ကတ်အမှတ်(159024)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
စိုးဝင်း(ဘ)ဦးအောင်သာထွန်း ၁၁/မတန(နိုင်)၀၀၄၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၇၅၅၆၇၇**

### ပျောက်ဆုံးကြောင်း
ဦးခင်သိန်း(ဘ)ဦးမောင်အေး ၁၁/ရသတ(နိုင်)၀၀၂၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ချားစ်မိုက်ကယ်(ဘ)ဦးသန်းလင်း ၉/ပဥလ(နိုင်)၁၀၇၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 520229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အိအိစိုး(ဘ)ဦးသောင်းအေး ၁၂/မရက(နိုင်) ၁၂၅၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၆၀၄၀၂၃**

### ပျောက်ဆုံးကြောင်း
ခိုင်ညွှန့်နိုင်(ဘ)ဦးခင်စိုး(ခ)အေးနိုင် ၁၂/သဃက(နိုင်)၀၀၉၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၆၆၈၇၈၆၂**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)**သို့မဟုတ်**(B.D.S)**ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အားတင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ**(Grading Certificate)**အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေးစစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး(သို့မဟုတ်)သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၄ ရက်**တွင်စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၅)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင်ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၄၅၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၃၇၄၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် – မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့အထွက်၊ UPG စက်ရုံအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၁၇၁၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မိတ္ထီလာမြို့နယ်၊ မြို့ရှောင်လမ်း၊ ညောင်မြင့်ကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် အခြားသစ် (သုည ဒသမ ၈၃၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၁၂၈၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၇၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၉၀၀)နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ စစ်ကိုင်းတံတား (နှာပေါက်)၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားမဝင်အခြားသစ်(သုည ဒသမ ၇၁၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၀၆၈၈၀)၊ အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)တို့ကိုသစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၄၆၂၁၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၈၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး၊ (၀)မိုင်၊ ခါလာကြီးထမင်းဆိုင်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၅၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၀၃၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၄ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၀)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၄၈)စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၂၄ ရက်နေ့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၁၀၃၄၅၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော် စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ဇွန်လ ၂၅ ရက်တွင် ၈၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ– Export Quality)၊ ဆန် ၅ ပြည်ပါ(ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပွဲခြောက် ၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်တွင် စစ်ကိုင်းမြို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့်အသားတုတို့ကိုသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၀ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၀ | ၃၅၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၀၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် အစဉ်ထက်မြက်နေရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဇွန် ၂၅

EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

စာမျက်နှာ ၅ ကော်လံ ၁ ⇨

